စိတ်ကူးချိုချိုအနုပညာ
mgyoe.com

# မရှိမဖြစ် အင်္ဂလိပ်အတွေးအက္ခရာများ

# Essential Activator C

စိုးမြင့်

mgyoe.com

ဒုတိယအကြိမ်

# FOUR SKILLS IN ENGLISH

## Listening, Speaking, Reading, Writing

## ဘယ်ဟာ အခက်ဆုံးလဲ

အင်္ဂလိပ်စာကို ဒုတိယဘာသာစကားအဖြစ်
သင်ယူသူတစ်ယောက်အတွက်
အင်္ဂလိပ်စာ အတန်းအသင့်တတ်ရင်

**Listening** – သူများပြောတာကို လိုရင်းလောက်တော့ နားလည်အောင် နားထောင်လို့ ရပြီ။

**Speaking** – ကိုယ်က ပြန်ပြောဖို့က အဲဒီထက် ပိုခက်တယ်။

**Reading** – ဖတ်ဖို့က သာခက်တယ်။

**Writing** – ရေးဖို့ကတော့ အခက်ဆုံးဖြစ်တယ်။

သည်စာအုပ်တွဲ ၃ တွဲက
''နားထောင်''၊ ''ပြောဆို''၊ ''ဖတ်ရှုတ်''၊ ''ရေးသီ''
ဒီလေးလီအနက် အခက်ဆုံး
**Writing** အဆင့်အထိရောက်အောင်
အမြန်ဆုံး ပို့ဆောင်ပေးမယ်။

**Vocabulary** ဝေါဟာရစကားလုံးတွေ
ကြွယ်ဝလာစေပြီး အတွေးကို
နည်းအမျိုးမျိုးနဲ့ အကွဲရာတင်နိုင်စွမ်း
ရှိလာစေမယ်။

ISBN 9789997113788
USM11
9 789997 113788
2,000.00KS

mgyoe.com

မရှိမဖြစ်အင်္ဂလိပ်အတွေးအကွာရာများ - C၊ စိုးမြိုင်
မျက်နှာဖုံးဒီဇိုင်း - နိုင်ခွန်အား
စာမျက်နှာ ၃၁၈ မျက်နှာ၊ ၁၆ စင်တီ× ၁၈·၅စင်တီ

ဆရာကြီးဦးစိုးမြိုင်၏ စာမူစာအုပ်များအားလုံးမူပိုင် - စိတ်ကူးချိုချို

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၈၊ အောက်တိုဘာလ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၂၀၀၈ ဆုစာပေ၏ ပထမအကြိမ်မူ။

ရောင်းဈေး ၂၀၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

mgyoe.com

# မရှိမဖြစ်
# အင်္ဂလိပ်အတွေးအက္ခရာများ
# ESSENTIAL ACTIVATOR
## -C-

စိုးမြိုင်

ဒုတိယအကြိမ်၊ ၂၀၁၁

mgyoe.com

mgyoe.com

## ဆရာကြီး ဦးစိုးမြိုင်၏
## အင်္ဂလိပ်စာလေ့လာသင်ယူရေး စာအုပ်ကောင်းများ

၁။ အမြဲတော အင်္ဂလိပ်အီဒီယမ်များ
၂။ ကိုယ်ပိုင်ပြောအင်္ဂလိပ်စကား
၃။ အင်္ဂလိပ်စကားပြောနည်း – ၉၀၀ (CD ပါ)
၄။ အနှစ်ချုပ်အင်္ဂလိပ်သဒ္ဒါ
၅။ လက်တွေ့အင်္ဂလိပ်သဒ္ဒါ
၆။ မိသားစုအယ်ဘန် U.S.A (ပေါင်းချုပ်)
၇။ မရှိမဖြစ် အင်္ဂလိပ်အတွေးအကွရာများ A
၈။ မရှိမဖြစ် အင်္ဂလိပ်အတွေးအကွရာများ B
၉။ မရှိမဖြစ် အင်္ဂလိပ်အတွေးအကွရာများ C
၁၀။ ဝိဘတ်နှင့်တွဲသော အင်္ဂလိပ်စာအသုံးအနှုန်းများ
၁၁။ အမေရိကန်အီဒီယမ်
၁၂။ ပုပ္ပါးမှာတစ်ခါကြုံတယ်
(မြန်မာမှ အင်္ဂလိပ်ဘာသာပြန်လေ့လာချက်)

---

စိတ်ကူးချိုချိုစာအုပ်တိုက်မှ ဆက်တိုက် ပြန်လည်ထွက်ရှိလာပါမည်။

mgyoe.com

mgyoe.com



# စာရေးသူ၏အမှာစာ

ဤစာအုပ်တွင် ဖော်ပြထားသော အသုံးအနှုန်းများသည် စာဖတ်သူကို အင်္ဂလိပ်စာပေနှင့် ပတ်သက်၍ ပိုမိုတွေးခေါ်လာစေမည်ဖြစ်သည်။ အတွေးများ၊ စိတ်ကူးများကို စကားလုံးအဖြစ် ပြောင်းလဲအက္ခရာတင်ရာ၌ မူလကထက်ပိုမို၍ ထိထိမိမိ ရှိလာစေမည်။ ပီပြင်ပေါ်လွင်လာစေမည်။

ရေးသားပြောဆို တင်ပြလိုသည့်အချက်ကို နည်းအမျိုးမျိုးဖြင့် ဖော်ပြနိုင်စွမ်းရှိလာစေမည်။ စာဖတ်သူ၏ အင်္ဂလိပ်စာပေဘာသာ အရေးစွမ်းရည်ကို ဆထက်ထမ်းပိုးတိုး၍ တင့်တယ်ဝေဆာလာစေမည်။ အပြောစွမ်းရည်ကို ကျစ်လျစ်ထက်မြက်လာစေမည်။ တစ်ခါလာ မဲပြာပုဆိုးမဟုတ်ဘဲ ရေးလိုပြောလိုသမျှကို နည်းအမျိုးမျိုးဖြင့် သစ်သစ်လွင်လွင် ပြောနိုင် ရေးနိုင်စေပြီး အရည်အချင်းကို မကြဲ့စဖူး ပြောင်ပြောင်မြောက်မြောက်ထုတ်ဖော်လာနိုင်စေမည်။ နိုင်ငံရပ်ခြား စာမေးပွဲများ၊ ပြည်သူ့ဝန်ထမ်းရွေးချယ်ရေးစာမေးပွဲများ၊ အဆင့်မြင့် ပညာရေးအတန်းစာမေးပွဲများကို အမှတ်ကောင်းကောင်းဖြင့် အောင်မြင်အောင် ဖြေဆိုလာနိုင်စေမည်။



mgyoe.com

mgyoe.com

မိမိ၏ဝါကျ လှလှပပ သားသားနားနားဖြစ်အောင် မည်သည့် စာပေဍမဆို ရေးလိုပြောလိုသည့် အကြောင်းအရာတစ်ရပ်ကို ပထမဝေါဟာရ၊ ဒုတိယဝေါဟာရ၊ တတိယဝေါဟာရ စသည် ဖြင့် မည်သည့် ဝေါဟာရစကားလုံးကို သုံးရပါ့မလဲဟု တွေးခေါ် ရသော အခြေအနေမျိုးနှင့် ရင်ဆိုင်တိုးရတတ်ပါ၏။

စိတ်သန္တာန်တွင် ဗွေဆော်ဦးလျှပ်ပြက်သည့်ပမာ လင်းလက် လာသော ရှောင်တခင်အတွေးကို ဘဝင်မကျ အားမရသည့် အဖြစ်နှင့် စာရေးသူများ တွေ့ကြုံခံစားရလေ့ရှိသည်။ ဒုတိယ ဘာသာစကားဖြစ်သော အင်္ဂလိပ်စာရေးရာမှာ ကျွန်တော်တို့ မြန်မာများ ပိုမိုကြုံတွေ့ရပါသည်။

အထူးသဖြင့် မိမိဝါကျဖွဲ့ထုံးများနှင့် ဝေါဟာရ စကားလုံး များ ရွေးချယ်ရာဝယ် ဇီဇာကြောင်'ချေးများ'သူတို့သည် သည်အဖြစ်မျိုးနှင့် တိုးရတတ်၏။ ကိုယ့်ကိုယ်ကိုယ် အားမလို အားမရဖြစ်မိသည်၊ ဒေါသဖြစ်မိသည်၊ စာရေးရပ်ပြီး တွေးသည်၊ စာရေးစားပွဲမှထ၍ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်ပြီး တွေးသည်။

အင်္ဂလိပ်စာပေ၌ antonym (ဆန့်ကျင်ဘက်စကားလုံး)၊ homonym (သံတူကြောင်းကွဲစကားလုံး)၊ synonym (ကြောင်း တူသံကွဲ စကားလုံး)ဟူ၍ အဓိကအားဖြင့် ''နာမ်'' သုံးမျိုးရှိရာ အဓိပ္ပာယ်တူ၍ အသံထွက်ကွဲသော ဝေါဟာရ စကားလုံးများ (ဝါ) synonym များကို ဥပမာအသုံးအနှုန်းများ ဝေဝေဆာဆာ ဖြင့် ဤစာအုပ်ထဲတွင် ရှင်းလင်းတင်ပြထား၏။

ကိုးကားကျမ်းများ၊ အသုံးအနှုန်းကျမ်းများကို တစ်အုပ်ပြီး


mgyoe.com

mgyoe.com

တစ်အုပ် လှန်လှောကြည့်ရပြန်သည်။ ဘာကြောင့်ဆို – ကိုယ်ရယူလိုသော အဓိပ္ပာယ်အတွက် အကောင်းဆုံးဝေါဟာရ စကားလုံးအသုံးအနှုန်းကို တွေ့လိုတွေ့ငြားပေါ့။

ကြိုးပမ်းအားထုတ်မှုမှ တင့်ဆုံးလှဦး ရလဒ်ထူးများ ပွင့်ဖူးလာသည်လည်း ရှိ၏။ ခဲလေသမျှ သဲရေကျ၍ လိုအင်မပြည့် ကြိုက်မတွေ့ဘဲ ဖြစ်သမျှနှင့် ရောင့်ရဲလက်ခံလိုက်ရသည်လည်း ရှိပါ၏။

## Listening, Speaking, Reading, Writing

လူ့ဘဝသည် အမိဝမ်းမှ ကျွတ်ခဲ့ပြီးနောက်ဝယ် ဘာသာစာပေ ကျွမ်းကျင်မှု (၄)ရပ်အနက် Listening (နားထောင်ခြင်း) ဖြင့် ဘဝစ၏။ "Our lives begin with listening." ဆိုသည့်အတိုင်း မိခင်ကပြောသည်ကို တစ်လုံးချင်း စတင်နားထောင်ခဲ့ကြရ၏။ ပထမအဆင့်။ ထို့နောက်မှ ကလေးက ပြန်လည်၍ ပဲ့တင်ထပ် သံယောင်လိုက်ပြောကြား၏။ ဤကား Speaking ဒုတိယအဆင့်။

Reading က တတိယနေရာယူသည်။ "ကကြီး" "ခခွေး" "ဂငယ်" စသည်ဖြင့် ဖတ်တတ်လာ၏။ Writing က Four Skills တွင် အခက်ဆုံးဖြစ်သည်။ စတုတ္ထအဆင့်။ နောက်ဆုံးမှ ကလေးသည် အက္ခရာတို့ကို ရေးတတ်လာသည်။

အင်္ဂလိပ်ဘာသာစာပေကို လေ့လာကြကုန်သော သူများအတွက်လည်း ကျွမ်းကျင်မှု (၄)ရပ်၌ "ရေးခြင်း" သည် အခက်အခဲဆုံးဖြစ်၏။ စာဖတ်သူအား အင်္ဂလိပ်စာကို အဆင့်



mgyoe.com

mgyoe.com

မြင့်မြင့် မှန်မှန်ကန်ကန် ချောချောမွေ့မွေ့ ရေးသားလာနိုင်သည့် အထိ ဤစာအုပ်က တာဝန်ယူ ရည်ရွယ်ဦးတည်ထားကြောင်း ဖတ်ရှုလေ့လာရင်း နားလည်သဘောပေါက်လာမည် ဖြစ်ပါသည်။ အတွေးသစ်ဂျာနယ် ၌ ''မရှိမဖြစ် အင်္ဂလိပ်အတွေးအက္ခရာ များ'' အင်္ဂလိပ်စာ ပညာပေးဆောင်းပါးများကို အပတ်စဉ် ရေးသားလျက်ရှိရာ''C''အက္ခရာပြီးဆုံးသွားသည်နှင့် ဆောင်းပါး များကို စုစည်း၍ ထုတ်ဝေလိုက်ခြင်း ဖြစ်ပါသည်။''A''နှင့်''B'' ဝေါဟာရစကားလုံးများအတွက် အစအဆုံး ပထမအုပ်နှင့် ဒုတိယအုပ်ကို ထုတ်ဝေပြီးဖြစ်၏။ ''အတွေးသစ်''တွင် ဆက်လက်ပါရှိသော ဆောင်းပါးများကိုလည်း အက္ခရာစဉ် အလိုက် ဆက်လက် ထုတ်ဝေသွားပါမည်။

တစ်အုပ်ချင်း၌ ဆိုင်ရာအက္ခရာ၏ အဓိပ္ပာယ် အသုံးအနှုန်း များ ပြီးပြတ်ပြည့်စုံစွာပါရှိ၍ နောက်တစ်အုပ်သို့ မကူးဆက် သဖြင့် တစ်အုပ်ချင်း သီးခြားဖတ်ရှုလေ့လာနိုင်ပါသည်။

ယခုအခါ ဘာသာပြန်အတတ်ကို စိတ်ဝင်စားသူများ ပိုမို တိုးတက် များပြားလာကြောင်း တွေ့ရသည်။ အထူးသဖြင့် လူငယ်လူလတ်များ ဖြစ်ကြသည်။ သူတို့သည် ''ဘာသာပြန် သည်''ဆိုသောစကား၏ အဓိပ္ပာယ်ကိုလည်း ကောင်းစွာ သဘောပေါက်လာကြသည်။

အင်္ဂလိပ်စာ တစ်ကြောင်း၊ တစ်ပိုဒ်၊ တစ်အုပ်ကို ဖတ်ရှု သည့်အခါ မြန်မာလို လုံးဝစဉ်းစားရန်မလိုသကဲ့သို့ အင်္ဂလိပ်လို ရေးသည့် ပြောသည့်အခါမှာလည်း မြန်မာလို စဉ်းစားရန်မလို၊ မိမိဖတ်သော အင်္ဂလိပ်စာကို အင်္ဂလိပ်လိုသာ သဘောပေါက် ရန် ကြိုးပမ်းရမည်ဖြစ်ကြောင်း၊ ထိုနည်းတူ မိမိက အင်္ဂလိပ်စာ



mgyoe.com

mgyoe.com

ရေးသားသောအခါမှာလည်း မြန်မာလို မစဉ်းစားဘဲ အင်္ဂလိပ်လိုသာ တန်းစဉ်းစားရမည်ဖြစ်ကြောင်းဖြင့် မှတ်ယူကြသည့် အယူတိမ်း၍ ''နတ်စိမ်း''ဖြစ်နေကြသော လူသိုက်ထဲတွင် သူတို့ မပါဝင်ကြပါချေ။ အထက်ပါအတိုင်း ခံယူသောပုဂ္ဂိုလ်တို့သည် အင်္ဂလိပ်ဘာသာစာပေကိုရော မြန်မာဘာသာစာပေကိုပါ အနုစိတ် အဆင့်မြင့် မတတ်ကျွမ်းသူများသာ ဖြစ်ကြသည်။ ထိုသို့ ကြွေးကြော်မှ ဂုဏ်ရှိ ခေတ်မီသည်ထင်ပြီး ''အောင်''နေသူများသာ ဖြစ်သည်။

ဘာသာစာပေတစ်ရပ်ကို လေ့လာရာ၌ (၁) ပထမဘာသာစကားအဖြစ်လား (၂) ဒုတိယဘာသာစကားအဖြစ်လား ဆိုသည်မှာ ခွဲခြားသိရှိရန်လိုအပ်သည်။ အင်္ဂလိပ်၊ အမေရိကန် တစ်ယောက်က အင်္ဂလိပ်စာပေကို လေ့လာပုံ နည်းနာနိဿယနှင့် ကျွန်တော်တို့ မြန်မာများက အင်္ဂလိပ်စာပေကို လေ့လာပုံ နည်းနာနိဿယသည် ကောင်းစွာခြားနား၏။ လုံးဝဥဿုံမတူပေ။

အင်္ဂလိပ်၊ အမေရိကန်တစ်ယောက်က အင်္ဂလိပ်စာကို ပထမဘာသာစာပေအဖြစ် လေ့လာရသည်ဖြစ်၍ အင်္ဂလိပ်စာတစ်ကြောင်း၊ တစ်ပိုဒ်၊ တစ်အုပ်ကို ဖတ်သောအခါ ထိုစာက ဘာပြောသည်၊ ဘာဆိုလိုသည် (ဝါ) မိမိဘယ်လို နားလည်သည်ကို အင်္ဂလိပ်လိုသာ စဉ်းစားရမည်မှာ မလွဲ၊ တခြား ဘာသာစကားကို ထိုသူမတတ်သဖြင့် အင်္ဂလိပ်စာရေးသောအခါတွင်လည်း အင်္ဂလိပ်လိုသာ တွေးပြီးရေးရမည်ဖြစ်၏။ ကျွန်တော်တို့ကတော့ မြန်မာမိဘများမှ ပေါက်ဖွားလာသော မြန်မာများဖြစ်ကြသည်နှင့်အညီ အင်္ဂလိပ်စာသည် ကျွန်တော်တို့၏ ဒုတိယဘာသာစကားဖြစ်သောကြောင့် သဘာဝအတိုင်း မြန်မာလိုသာ



mgyoe.com

mgype.com

စဉ်းစားမည်ဖြစ်၏။ မြန်မာလိုသာ တွေးမည်ဖြစ်၏။

ပြီးတော့မှ မြန်မာအတွေးကို "အင်္ဂလိပ်နည်းဖြင့် ပြောမည်၊ အင်္ဂလိပ်နည်းဖြင့် ရေးမည်။" မြန်မာဝါကျဖွဲ့ထုံးအတိုင်း စကားလုံးတွေကို အစီအစဉ်ချလို့မဖြစ်။ ဥပမာ– "လထဲက အဖိုးအို" ဆိုသည့် မြန်မာအတွေးပေါ်လာပြီ ဆိုပါတော့။

အဲဒီအတိုင်း ထပ်တူ "in the moon the old man"ဟု ပြောရ၊ ရေးရမည်ဟု တင်ပြနေခြင်း မဟုတ်ကြောင်း အလေးအနက် သဘောပေါက်စေလိုပါသည်။ မြန်မာက မြန်မာနည်း အင်္ဂလိပ်က အင်္ဂလိပ်နည်းဖြစ်သည်နှင့်အညီ "the old man in the moon"ဟူ၍ စကားလုံး အစီအစဉ် ရှေ့နောက် ပြောင်းသွားမည်ဖြစ်သည်။

ဆက်လက်၍ အကျယ်သဘောပေါက်နိုင်ပါပြီ။ စာရေးပြီး ပြောပြနေရလို့သာ ကြာသလိုဖြစ်နေသည်၊ လက်တွေ့လေ့ကျင့်၍ တတ်ကျွမ်းသွားသောအခါ လျှပ်စစ်မီးခလုပ်ကို နှိပ်လိုက်သည်နှင့်တစ်ပြိုင်နက် လျှပ်စစ်မီးလုံး လင်းလာသလို လျင်မြန်လှသည်။

မိမိ၏စိတ်က "တွေး"လို့မှ တွေးလိုက်မှန်းမသိ၊ မစဉ်းစားဘဲ နှုတ်မှ သို့မဟုတ် လက်မှ "အော်တိုမက်တစ်"ထွက်သွားသည် ဟုပင် ထင်ဖွယ်ရှိသည်။

တကယ်တော့ ရုပ်သည် စိတ်ကမခိုင်းစေဘဲ လှုပ်ရှားလုပ်ဆောင်သည်မဟုတ်၊ ဒါကို တချို့က "ငါတို့တော့ အင်္ဂလိပ်စကားပြော/ရေး တဲ့အခါ စဉ်းစားမနေပါဘူး။ နှုတ်/လက်က အလိုလိုထွက်သွားတာပဲ"ဟု ပြောတတ်ကြသည်။ မြန်မာလို မစဉ်းစားရန် ဟန့်တားတတ်ကြသည်။ မြန်မာလိုစဉ်းစားသည့်



mgype.com

mgyoe.com

အတွက် အင်္ဂလိပ်စာ အရေး အပြော မှားကုန်ကြောင်း ညွှန်ပြပေးတတ်ကြသည်။

ထိုစကားမှန်ပါက အင်္ဂလိပ်လူမျိုးတွေမှန်သမျှ အင်္ဂလိပ်စကားပြောတိုင်း ရေးတိုင်း မှန်ရမည်။ ''သူတို့သည် အင်္ဂလိပ်လိုသာ တွေးပြီး ပြောကြ ရေးကြသည်မှာ သေချာသည်။ လက်တွေ့၌ စာတတ်ပေတတ် အင်္ဂလိပ်သာလျှင် အင်္ဂလိပ်စကားပြောရာ၊ အင်္ဂလိပ်စာရေးရာမှာ မှန်ကန်ကြပါ၏။ စာမတတ်သော အင်္ဂလိပ်များ စကားပြောရာ၊ စာရေးရာမှာ အဆင့်အတန်းမြင့်မြင့် မှန်မှန်ကန်ကန် ရေးနိုင်ပြောနိုင်ခြင်း မရှိကြပေ။

လိုရင်းချုပ်ရလျှင် မြန်မာတစ်ယောက် အင်္ဂလိပ်စကားပြောရာ ရေးရာမှာ လွဲမှားခြင်းသည် မြန်မာလို တွေးသောကြောင့်မဟုတ်။ မြန်မာဝါကျတည်ဆောက်နည်းနှင့် အသုံးအနှုန်းများကို မသိသောကြောင့်သာဖြစ်သည်။

ခေတ်သစ် အင်္ဂလိပ်ဘာသာစာပေ၏ အထင်ရှား၊ အကျော်ကြားဆုံးဆရာကြီးဖြစ်သူ A.S.HORNBY ကလည်း အုပ်တွဲများနှင့် ရေးသားထုတ်ဝေသော သူ၏ THE TEACHING OF STRUCTURAL WORDS AND SENTENCE PATTERNS စာအုပ်များထဲတွင် အင်္ဂလိပ်စာ အင်္ဂလိပ်စကား ရေးနည်း ပြောနည်းများကို အထူးအလေးအနက်ထားပြီး သင်ကြားပို့ချသည်။ အနုစိတ် အသေးစိတ်ရှင်းပြသည်။ အင်္ဂလိပ်စာသင်ကြားပို့ချသူများအား ရှင်းလင်းချက် (EXPLANATION) ပေးသည့်အပိုင်းများတွင် မိမိတို့၏ တိုင်းရင်းဘာသာစကား(ဝါ)


mgyoe.com

mgyoe.com

ပထမဘာသာစကားကို အသုံးပြုလျက် တပည့်များကို သင်ကြားပို့ချရန်ပင် ဆရာကြီးဟွန်ဘီက အားပေးသည်။

ဆိုလိုသည်မှာမြန်မာများကို အင်္ဂလိပ်စာသင်ကြားပေးသောအခါမှာ ရှင်းပြသည့်အပိုင်းတွင် အင်္ဂလိပ်လို ရှင်းပြနေခြင်းထက် မြန်မာလိုရှင်းပြခြင်းက ပိုမိုထိရောက် လျင်မြန်သည်။ ကျွန်တော်သည် ၁၉၅၃ ခုမှစ၍ ယခုအထိ မြန်မာများကို အင်္ဂလိပ်စာသင်ကြားပြသလျက်ရှိရာ အတွေ့အကြုံ အနှစ်(၅၀)ကျော်ပြီဖြစ်သည်။ ဆရာကြီးဟွန်ဘီ၏ စကား မှန်ကန်လှကြောင်း ဝမ်းမြောက်ဖွယ် လက်တွေ့သိရှိရပါသည်။

ကျွန်တော်သည် အင်္ဂလိပ်စာအုပ်ပေါင်း အမြောက်အမြားကိုလည်း ၁၉၆၃ ခုမှစ၍ ထုတ်ဝေပြီးဖြစ်သည့်အလျောက် လူငယ်လူလတ် တပည့်ပေါင်းများစွာတို့က ဘာသာပြန်သင်တန်းများ စီစဉ်ပို့ချရန် တိုက်တွန်းကြပါသည်။ အသက်အရွယ်အရ ဘာသာပြန်သင်တန်းများကိုပါ ဖွင့်လှစ်သင်ကြားပို့ချနိုင်လောက်အောင် အပင်ပန်းခံနိုင်စွမ်းမရှိတော့ပါကြောင်း စိတ်မကောင်းစွာ အသိပေးလိုပါသည်။

ထိုပုဂ္ဂိုလ်များအား ကျွန်တော်၏ ဤ "မရှိမဖြစ် အင်္ဂလိပ်အတွေး အကၡရာများ" စာအုပ်နှင့် အခြားထွက်ပြီးစာအုပ်ထွက်အံ့စာအုပ်များကို အင်္ဂလိပ်စာတစ်ကြောင်း၊ မြန်မာစာတစ်ကြောင်း တိုက်ကြည့်ကာ ကျားကုတ်ကျားခဲ အချိန်ယူလေ့လာပါက ဘာသာပြန်အတတ်ပညာကို နားလည်သဘောပေါက်နိုင်ပါကြောင်း အကြံပြုအပ်ပါသည်။

(စိုးမြိုင်)



mgyoe.com

mgyoe.com

# C

## CALM


**ငြိမ်သက်သော၊ စိတ်လှုပ်ရှားခြင်းမရှိသော၊ တည်ငြိမ်သော**

**not angry or upset, even in a difficult situation**

**ခက်ခဲသော အခြေအနေထဲ ကျရောက်နေရသည်သော်မှ စိတ်မဆိုး၊ စိတ်မညစ်**

**ANGRY**
စိတ်ဆိုးသော

**RELAX**
သက်သောင့်သက်သာဖြစ်စေသည်




**WORRYING/ WORRIED**
သောကရောက်သော၊ သောကရောက်အောင်၊ ပြုလုပ်ခြင်းခံရသော

**FRIGHTENING**
ကြောက်စရာကောင်းသော

**FRIGHTENED**
ကြောက်အောင်ပြုလုပ်ခြင်းခံရသော

**1** **calm**[*adj*] not getting angry or upset, even in a difficult situation:

စိတ်ဆိုးလာခြင်း၊ စိတ်ညစ်လာခြင်း၊ စိတ်အနှောင့်အယှက်ဖြစ်လာခြင်းမရှိ။ ခက်ခဲသောအခြေအနေထဲ ကျရောက်ရသည်သော်မှ တည်တည်ငြိမ်ငြိမ် ရင်ဆိုင်သည်။

*Everyone praised Douglas for the calm way in which he handled the situation.* အခြေအနေကို တည်တည်ငြိမ်ငြိမ် ကိုင်တွယ်သွားခဲ့သော နည်းလမ်းအတွက် ဒေါက်ဂလပ်စ်ကို လူတိုင်းက ချီးကျူးခဲ့သည်။ *We'll talk about this when you're feeling calmer.* မင်း ပိုမိုစိတ်တည်တည်ငြိမ်ငြိမ်ဖြစ်လာတဲ့အခါမှာ ငါတို့ ဒီအကြောင်း ဆွေးနွေးကြမယ်။



mgyoe.com

mgyoe.com

**keep calm** တည်ငြိမ်သည်။ *Keep calm and try not to panic.* တည်တည်ငြိမ်ငြိမ်ရှိပြီး အထိတ်တလန့်မဖြစ်အောင်ကြိုးစား။

**calmly** [*adv*] တည်ငြိမ်စွာ။ *The other kids were screaming, but Ellie calmly picked up the snake and threw it out of the window.* အခြားသော ကလေးများ အထိတ်တလန့် အော်ဟစ်နေခဲ့ကြသည်။ သို့သော်လည်း အယ်လ်လီက မြွေကို တည်ငြိမ်စွာ ကောက်ယူခဲ့ပြီး ပြတင်းပေါက်မှ လွှင့်ပစ်ခဲ့၏။

**relaxed** [*adj*] someone who is **relaxed** is very calm and does not seem to be worried about anything, and it is pleasant for other people to be with them: ~ ဖြစ်သော လူတစ်ယောက်သည် အလွန်တည်ငြိမ်၍ မည်သည့်အတွက်မျှ ပူပန်သောက ဖြစ်ပုံမပေါ်။ ထို့ကြောင့် သူနှင့်နေရသည်မှာ အခြားသူများအတွက် နှစ်လိုဖွယ်ဖြစ်သည်။ *George greeted us in his friendly relaxed way.* ဂျော့ဂျ်က ကျွန်ုပ်တို့ကို သူ၏ အေးဆေးတည်ငြိမ်၍ ရင်းနှီးခင်မင်သော ပုံစံအတိုင်း နှုတ်ဆက်ခဲ့သည်။ *You seem much more relaxed since you changed jobs.* အလုပ်ပြောင်းပြီးကတည်းက ခင်ဗျား အလွန်ပိုမို သက်သောင့်သက်သာ အေးအေးဆေးဆေး ဖြစ်သွားပုံပေါ်တယ်။

**stay cool/ keep cool** to stay calm and not show your emotions, especially when other people are getting excited or angry : အထူးသဖြင့် အခြားသူများ စိတ်လှုပ်ရှား၍ ဒေါသဖြစ်နေကြသောအချိန်၌ တည်တည်ငြိမ်ငြိမ်နှင့် စိတ်လှုပ်ရှားမှု မဖြစ်ပေ။ *Sampras is the kind of player who always manages to stay cool, even under pressure.* ဆမ်ပရာသည် ဖိအားပေးခြင်းခံနေရသည့်သော်မှ စိတ်အေးအေးဆေးဆေး ကြိုးစားထားနိုင်သော အားကစားသမား မျိုးဖြစ်သည်။


mgyoe.com

mgyoe.com

**keep your cool** (= not become angry) စိတ်မတို၊ဒေါသမဖြစ် *He managed to keep his cool and ignore her last comments.* သူသည် စိတ်ကိုထိန်း၍ သူမ၏နောက်ဆုံးသော ဝေဖန်ချက်များကို လျစ်လျူရှုရန် ကြိုးစားခဲ့သည်။

**coolly** [*adv*] အေးဆေးစွာ။ *She walked coolly to the front of the hall and picked up the microphone.* သူမသည် ခန်းမ၏ ရှေ့ပိုင်းသို့ အေးဆေးစွာ လျှောက်သွားခဲ့၍ မိုက်ကရိုဖုန်း (စကားပြောခွက်) ကို ကောက်ယူခဲ့သည်။

**keep your head** to manage to stay calm and to behave in sensible way when something is likely to make you feel frightened or worried : သင့်ကို ထိတ်လန့် စိုးရိမ်စေမည့် အခြေအနေ ဖြစ်လာဖွယ်ရှိသောအခါ၌ စိတ်ကို အေးဆေးစွာထားပြီး အသိဉာဏ်ရှိရှိ ကြိုးစားပြုမူသည်။ ခေါင်း အေးအေးထားသည်။ *Paul's good at keeping his head in a crisis.* ပေါလ်သည် ပြဿနာအခက်အခဲတစ်ရပ်၌ ခေါင်း အေးအေးထားရာမှာ တော်သည်။

**laid-back** [*adj*] INFORMAL someone who is **laid-back** is always relaxed and never seems to worry about things that other people worry about : အခြားသူများ စိုးရိမ်ပူပန်သော အကြောင်းကိစ္စများကို စိုးရိမ်ပူပန်ပုံ မပေါ်ဘဲ အမြဲ စိတ်အေးချမ်းသည်။ *Sue's always had a laid-back attitude to life.* ဆူးသည် ဘဝကို အမြဲတမ်း အေးအေး ချမ်းချမ်းသဘောထားသည်။

**2** to become calm, or to make someone calm
အေးဆေးတည်ငြိမ်လာသည်။ သို့မဟုတ် တစ်ဦးတစ်ယောက်ကို အေးဆေး တည်ငြိမ်စေသည်။



mgyoe.com

mgyoe.com

**calm down** [*phrasal verb* I/T] to become calm again after you have been angry or upset, or make someone do this : စိတ်ဆိုး စိတ်ပျက်ပြီးနောက် သင် အေးဆေး တည်ငြိမ်လာသည်၊ သို့မဟုတ် သူတစ်ပါးကို ထိုသို့ဖြစ်လာစေသည်။ စိတ်ဆိုး စိတ်မကျေမနပ်မှုပြေစေသည်။ *Once I'd calmed down, I realized he might be right.* ကျွန်ုပ်စိတ်အေးဆေး တည်ငြိမ်လာခဲ့သည်နှင့် တစ်ပြိုင်နက် သူမှန်ကန်ဖွယ်ရှိကြောင်း သဘောပေါက်လာခဲ့သည်။

**calm sb down** တစ်စုံတစ်ယောက် စိတ်ဆိုးစိတ်အနှောင့်အယှက် ဖြစ်နေသည်ကို ပြေပျောက်စေသည်။ *He put his arms around Christine and tried to calm her down.* သူသည် သူ၏လက်များဖြင့် ခရစ်စတင်းန်ကို ထွေးပိုက်လိုက်ပြီး စိတ်ဆိုး ပြေအောင် ကြိုးစားနှစ်သိမ့်ခဲ့သည်။

**3** what you say to someone when you want them to calm down

တစ်စုံတစ်ယောက် စိတ်ဆိုးပြေစေရန် နှစ်သိမ့်ပြောကြားပုံများ

[ Direct Speech ]

**calm down** SPOKEN say this when someone is angry, upset, or excited and you want them to think calmly or speak calmly again : တစ်စုံတစ်ယောက် စိတ်ဆိုး စိတ်မကျေနပ် သို့မဟုတ် စိတ်လှုပ်ရှားနေပြီး သင်က သူ့ကို အေးအေးဆေးဆေး တည်တည်ငြိမ်ငြိမ် စဉ်းစား၊ စကားပြောကြား စေချင်သောအခါမှာ သုံးပါ။ *Calm down! There's nothing whatever to worry about.* အေးအေးဆေးဆေးပေါ့ကွာ။ စိုးရိမ်စရာဆိုလို့ ဘာမှမရှိဘူး။

**relax** SPOKEN say this to someone who is frightened or worried about something, in order to



mgyoe.com

mgyoe.com

stop them worrying. *Relax! The injection won't hurt.* စိတ်အေးသက်သာထားလေ။ ဆေးထိုးတာမနာပါဘူး။

**take it easy** SPOKEN INFORMAL say this when someone is angry or upset, and you want to stop them saying or doing anything stupid : တစ်စုံတစ်ယောက် စိတ်ဆိုး စိတ်အနှောင့်အယှက်ဖြစ်နေပြီး သင်ကသူ့ကို မိုက်မိုက်မဲမဲ ပြောဆိုပြုမူခြင်း မလုပ်အောင် ဟန့်တားလိုသောအခါ သုံးပါ။ *Hey, take it easy! Nobody's saying you're not good at your job.* ဟေး- စိတ်ဝန်လေးအောင်အနက်မဆောင်နဲ့။ ဘယ်သူကမှ မင်းကို အလုပ်မတော်ဘူးလို့ ပြောနေတာမဟုတ်။

**it's okay/ it's all right** SPOKEN say this to someone to make them stop being worried : တစ်ဦးတစ်ယောက် ပူပန်သောကရောက်မှု ပြေပျောက်အောင် လုပ်ဆောင်ချင်သောအခါမှာ ပြောပါ။ *It's okay, she's just phoning to say she'll be late.* အိုကေ စိုပြည်တယ်ဟေ့။ သူမ နောက်ကျမယ်ဆိုတာကိုသာ ဖုန်းဆက်နေတာ။ *It's alright, don't cry. Mummy's here.* ကောင်းပြီ။ မငိုနဲ့တော့။ မေမေရောက်ပြီ။

## CAN/CAN'T

### စွမ်းဆောင်နိုင်သည်၊ မစွမ်းဆောင်နိုင်

➥ look here for.....

- **be able to do something**
- **be allowed to do something**

တစ်စုံတစ်ခုကို ပြုလုပ်ရန် စွမ်းဆောင်နိုင်
တစ်စုံတစ်ခုကို ပြုလုပ်ရန် ခွင့်ပြုခြင်းခံရ တို့လည်းရှု

⚠ Don't say 'I can to come'. Say **I can come.**


mgyoe.com

mgyoe.com

ပထမနည်းမပြောနှင့်၊ ဒုတိယနည်းပြော။

⚠ Past Tense : အတိတ်ကာလ။ If you just want to say that someone had the ability, money etc to do something at some time in the past, use **could:** တစ်စုံတစ်ယောက်သည် အတိတ်ကာလ၏ အချိန်တစ်ချိန်အတွင်းက တစ်ခုခုကိုလုပ်ဆောင်ရန် စွမ်းရည်၊ ငွေကြေး စသည်တို့ပိုင်ရှိခဲ့ကြောင်း မျှကိုသာ သင်ပြောကြားလိုလျှင် could ကို သုံးပါ။ *He could read by the time he was four.* သူသည် လေးနှစ်၌ စာဖတ်နိုင်စွမ်းရှိခဲ့သည်။ *He was a rich man who could afford to buy anything he wanted.* သူသည် သူဝယ်ယူလိုသမျှကို ဝယ်နိုင်စွမ်းရှိခဲ့သော သူဌေးတစ်ယောက်ဖြစ်ခဲ့သည်။ If you want to say that someone succeeded in doing something because they had the opportunity, ability, money etc, use **was able to do something :** တစ်စုံတစ်ယောက်သည် အခွင့်အရေး၊ စွမ်းရည်၊ ငွေကြေး စသည်တို့ရှိသောကြောင့် တစ်ခုခုကို အောင်မြင်ပြီးမြောက်အောင် လုပ်ဆောင်နိုင်ခဲ့ကြောင်း ပြောလိုလျှင် was able to do something ကိုသုံးပါ။ *When the rain stopped we were able to play the game.* မိုးတိတ်ခဲ့သောအခါ ငါတို့ကစားပွဲကို ကစားနိုင်ခဲ့ကြသည်။

လိုရင်းမှာ – **could** က လုပ်နိုင်စွမ်းရှိကြောင်းကိုသာ ဖော်ပြသည်။ **was able to** က လုပ်နိုင်စွမ်းရှိရုံသာမက အမှန်တကယ် ပြီးမြောက်အောင် လုပ်ဆောင်ခဲ့ကြောင်းကိုပါ အဓိပ္ပာယ်သွန်းဆိုသည်။

⚠ Future tense : use **will be able to do something :** အနာဂတ်မှာ ကိစ္စတစ်ရပ်ကို လုပ်ဆောင်နိုင်စွမ်း ရှိလိမ့်


mgyoe.com

mgyoe.com

မည်ဖြစ်ကြောင်း ပြောကြားရာမှာ သုံးပါ။ *When everyone comes back from their vacations, we will be able to get a lot more work done.* လူတိုင်းသူတို့ရဲ့ အားလပ်ရက်အပန်းဖြေခရီးက ပြန်လာတဲ့အခါ ငါတို့ရဲ့ အလုပ်တွေအများကြီး ပိုမိုပြီးလိမ့်မယ်။ *I will be able to see my friends and family again very soon.* ငါဟာ ငါ့သူငယ်ချင်းတွေနဲ့ မိသားစုကို မကြာခင်ကလေးအတွင်းမှာ ပြန်လည်တွေ့ရတော့မယ်။ In Spoken English you can use **can** to talk about tomorrow, next week etc : အင်္ဂလိပ်စကားပြောမှာ can ကို နက်ဖြန်၊ နောက်အပတ် စသဖြင့် အနာဂတ်အကြောင်း ပြောရာမှာ သုံးနိုင်သည်။ *I can come with you tomorrow.* ငါမင်းနဲ့ နက်ဖြန်လိုက်နိုင်တယ်။

⚠ Present perfect : ပစ္စုပ္ပန်ပြီးမြောက်ကာလ။ Use **have been able to do something** to mean that someone has succeeded in doing something. တစ်စုံတစ်ယောက်သည် တစ်ခုခုလုပ်ရာတွင် ပြီးမြောက်ပြီဖြစ်ကြောင်း ပြောကြားရန် အသုံးပြုပါ။ *Up to now no-one has been able to break the record set by Lewis.* ယခုအချိန်အထိ လီဝစ်တင်ထားသော စံချိန်ကို မည်သူတစ်ဦးကမျှ ချိုးနိုင်အောင် စွမ်းဆောင်ခြင်းမရှိသေးပေ။ use **could have done something** to mean that someone was able to do something but did not do it : could have done something ကို တစ်ဦးတစ်ယောက်သည် ကိစ္စတစ်ရပ်ကို လုပ်ဆောင်နိုင်စွမ်းရှိခဲ့ကြောင်း။သို့သော် လုပ်ဆောင်ခြင်းမရှိခဲ့ကြောင်း ပြောလိုသောအခါမှာသုံးပါ။ *He could have become president, but he wasn't ambitious.* သူဟာ သမ္မတဖြစ်နိုင်ခဲ့တယ်။ ဒါပေမယ့် သူက ဖြစ်ဖို့ စိတ်အားမထက်သန်ခဲ့ဘူး။



mgyoe.com

mgyee.com

⚠ Infinitive : Use **to be able to do something** : တစ်စုံတစ်ခုပြီးမြောက်အောင် စွမ်းဆောင်ရန်ကို ဤသို့သုံးပါ။ *He wants to able to speak French.* သူသည် ပြင်သစ်စကား ပြောတတ်ချင်သည်။

**1** to have the ability, opportunity, time, or equipment that you need in order to do something

တစ်စုံတစ်ခုပြုလုပ်ရန် စွမ်းရည်၊ အခွင့်အရေး၊ အချိန်၊ သို့မဟုတ် သင်လိုအပ်သော ပစ္စည်းကိရိယာရရှိရန်

**can** [*modal verb* ] စွမ်းနိုင်သည်။ တစ်စုံတစ်ခုကို ပြုလုပ်နိုင်ကြောင်း ဖော်ပြရန် သုံးသည်။ *"Can you speak Japanese?"* မင်း ဂျပန်စကားပြောနိုင်သလား။ *"Yes, I can"* အေး ပြောနိုင်တယ်။

**can do sth** တစ်စုံတစ်ခုကို ပြုလုပ်နိုင်သည်။ *They have invented a computer that can talk.* သူတို့သည် စကားပြောနိုင်သော ကွန်ပျူတာတစ်လုံးကို တီထွင်ထားပြီ။ *Can you come for lunch on Saturday?* မင်း နေ့လယ်စာစားဖို့ စနေနေ့မှာ လာနိုင်သလား။ *Adrian could read when he was four.* အေဒရီယန်သည် လေးနှစ်၌ စာဖတ်နိုင်ခဲ့သည်။ *If we had a boat we could row across to the island.* ငါတို့မှာ လှေတစ်စင်းရှိရင်တော့ ငါတို့ဖြတ်သန်းပြီး ကျွန်းသို့ လှော်ခတ်သွားနိုင်မှာပေါ့။ *The engine's making a funny noise - can you hear it ?* အင်ဂျင်ကမြည်တဲ့စက်သံ မမှန်ဘူး။ မင်းကြားနိုင်သလား။ ကြားရသလား။

(မှတ်ချက်။ ။ can, could, shall, should, will, would, may, might, must စသည်တို့မှာ modal verb ခေါ် အကူကြိယာ အမျိုးအစားများဖြစ်ကြသည်။)


mgyee.com

mgyoe.com

⚠ Don't say 'I am able to see him' or 'They were not able to hear me'. Say **I can see him** and **they couldn't hear me.** Use **can,** not 'be able to' with verbs like 'see' 'hear', or 'feel'.

လိုရင်းမှာ – မြင်ကြောင်း၊ ကြားကြောင်း ပြောလိုရင် **an able, were able** နှင့် မပြောနှင့်။ **can see, could hear** စသည်ဖြင့် ပြောပါ။

**be able to do sth** use this especially about something that is difficult or that needs a lot of effort : ဤအသုံးအနှုန်းကို ခက်ခဲသော သို့မဟုတ် ကြိုးပမ်းအားထုတ်မှု များစွာ လိုအပ်သော ကိစ္စတစ်ရပ်ကို လုပ်ဆောင်ခြင်းနှင့် ပတ်သက်၍သာ သုံးပါ။ တစ်စုံတစ်ခုကို လုပ်ဆောင်နိုင်စွမ်းရှိသည်။ *Will you be able to carry those bags on your own?* ဟို အိတ်တွေကို မင်းဘာသာ သယ်ဆောင်သွားနိုင်မလား။ *If you want to join this expedition, you must be able to speak English and swim.* မင်း ဒီခရီးကြမ်းမှာ လိုက်ပါချင်ရင် အင်္ဂလိပ် စကားပြောတတ်ရမယ့်အပြင် ရေကူးတတ်ရမယ်။ *Three weeks after the accident, she was able to walk and even exercise in the gym.* မတော်တဆ ထိခိုက်မှုဖြစ်ပြီး သုံးပတ်အကြာမှာ သူမ လမ်းလျှောက်နိုင်ခဲ့ရုံမက အားကစားရုံ မှာတောင် လေ့ကျင့်နိုင်ခဲ့တယ်။

**be capable of sth** to have the power or ability to do something, especially something very difficult or unusual : အထူးသဖြင့် အလွန်ခက်ခဲ၍ ထူးခြားသော တစ်စုံတစ်ခုကို ပြုလုပ်ရန် အစွမ်းသတ္တိ သို့မဟုတ် အရည်အချင်းရှိသည်။ *The 'sports' version is capable of a top speed of 170 mph.* ပြိုင်ကားပုံစံသစ်သည် တစ်နာရီလျှင် အမြင့်ဆုံး အမြန်နှုန်း ၁၇၀ မိုင်အထိ ပြေးနိုင်စွမ်းရှိသည်။



mgyoe.com

**be capable of doing sth** တစ်စုံတစ်ခုပြုလုပ်ရာ၌ အစွမ်းသတ္တိရှိသည်။ *a hard disk capable of holding 2 gigabytes of data* သတင်းအပိုင်းအစ အချက်အလက် သန်းပေါင်းနှစ်ထောင်သိုမှီးထားနိုင်စွမ်းသော ကွန်ပျူတာ ဒစ်ခ်ချပ်တစ်ပြား။

**be perfectly capable of doing sth** ( = be able to do something without anyone helping you) မည်သူ့အကူအညီမှမပါဘဲ တစ်စုံတစ်ခုကို အောင်မြင်ပေါက်မြောက်အောင်လုပ်နိုင်သည်။ *Don't worry, she's perfectly capable of dealing with the situation.* မစိုးရိမ်နဲ့၊ အခြေအနေကိုကောင်းကောင်းကြီး သူမ ထိန်းသိမ်းကိုင်တွယ်နိုင်တယ်။

**have the ability to do something** to be able to do something, especially something that is unusual or that most people cannot do : အထူးသဖြင့် ထူးခြားသော သို့မဟုတ် လူများစုမလုပ်ကိုင် မစွမ်းဆောင်နိုင်သော တစ်စုံတစ်ခုကို လုပ်ဆောင်နိုင်သည်။ *She seemed to have the ability to make people do anything she wanted.* သူမ ဖြစ်ချင်တာမှန်သမျှကို လူတွေက လုပ်ဆောင်ပေးစေသော အရည်အချင်းမျိုး သူမတွင် ရှိခဲ့ပုံပေါ်သည်။

**it is possible for sb to do sth** FORMAL use this especially when you are making an arrangement with someone, to ask or say what someone will be able to do : တစ်ဦးတစ်ယောက်ကို ဘာလုပ်နိုင်ကြောင်းမေးရန် သို့မဟုတ် ပြောရန် အစီအစဉ်တစ်ရပ် ချမှတ်သောအခါမျိုးမှာ အထူးသဖြင့် သုံးပါ။ *Would it be possible for you to come to the meeting on Tuesday?* အင်္ဂါနေ့မှာ အစည်းအဝေးကိုလာရန် ခင်ဗျားအတွက် ဖြစ်နိုင်ပါသလား။ *It might be possible for you to use the school library on Saturdays.* စနေနေ့ တွေမှာ ကျောင်းစာကြည့်တိုက်ကို အသုံးပြုရန် ခင်ဗျားအတွက် ဖြစ်နိုင်ပါတယ်။

mgyee.com

⚠ Don't use this when you are simply saying what you can do. Don't say "It is possible for me to go" Say **I can go**.

လိုရင်းမှာ – သင် ပြုလုပ်နိုင်ကြောင်းကို သာမန်အားဖြင့် ပြောကြားလိုသောအခါ ဤနည်းဖြင့် မပြောနှင့်။ **can** ကိုသုံး၍ ဒုတိယနည်းဖြင့်သာ ပြောပါ။

**2** to be allowed to do something or have the power to do it

တစ်စုံတစ်ခုပြုလုပ်ဖို့ သို့မဟုတ် ပြုလုပ်ရန် အခွင့်အာဏာရှိဖို့ ခွင့်ပြုရန်

**can** [*modal verb*] နိုင်သည်။ တစ်စုံတစ်ခု ပြုလုပ်ရန် စွမ်းနိုင်သည်။ *If you want to come with us, you can.* မင်း ငါတို့နဲ့အတူ လိုက်ချင်ရင် လိုက်နိုင်တယ်။ (permission = ခွင့်ပြုချက်၊ let = ခွင့်ပြုသည်တို့လည်းရှု။)

**can do sth** တစ်စုံတစ်ခုကို ပြုလုပ်နိုင်သည်။ *It's my house and I can do what I want here.* ဒါဟာ ငါ့အိမ်ဖြစ်၍ ဒီမှာ ငါလုပ်ချင်ရာလုပ်နိုင်တယ်။ *Can I borrow your car ?* မင်းရဲ့ ကားကို ငါငှားနိုင်ပါသလား။ *Only the Supreme Court can change these laws.* တရားရုံးချုပ်ကသာလျှင် ဒီဥပဒေတွေကို ပြင်နိုင်တယ်။

**be able to do sth** use this especially when a law or rule makes it possible for someone to do something

ဥပဒေ သို့မဟုတ် စည်းကမ်းချက်တစ်ခုက တစ်ဦးတစ်ယောက်ကိစ္စတစ်ရပ် ပြုလုပ်နိုင်အောင် သတ်မှတ်ပေးလိုက်သော အခါမျိုးမှာ အထူးသဖြင့် သုံးပါ။ *As senior students, we were able to attend some university classes.* နှစ်ကြီးကျောင်းသားများအဖြစ် ကျွန်ုပ်တို့သည် အချို့သောတက္ကသိုလ်သင်တန်းများကို တက်နိုင်သည်။ *You might be able to get a temporary*



mgyee.com

mgyoe.com

*passport.* သင်သည် ယာယီနိုင်ငံကူးလက်မှတ်တစ်ခုကို ရနိုင်ဖွယ်ရှိပါသည်။

**have the power to do sth** to be able to do something because your official position gives you the power to do it : သင်၏ ရာထူးအဆင့်က သင့်အား လုပ်ပိုင်ခွင့်အာဏာပေးထားသောကြောင့် ကိစ္စတစ်ရပ်ကို သင်လုပ်ဆောင်နိုင်စွမ်းရှိသည်။ *The judge has the power to order a witness to give evidence.* တရားသူကြီးသည် သက်သေတစ်ယောက်ကို သက်သေခံဖို့ အမိန့်ထုတ်ရန် အခွင့်အာဏာရှိသည်။ *Each state had the power to make its own laws in that country.* ထိုနိုင်ငံ၌ ပြည်နယ်တိုင်းသည် ယင်းပြည်နယ်၏ ကိုယ်ပိုင်ဥပဒေကို ရေးဆွဲရန် အခွင့်အာဏာရှိခဲ့သည်။

**3** the ability to do something
တစ်စုံတစ်ခုပြုလုပ်ရန် အရည်အချင်း

**ability** [*n* C/U ] something that you are able to do because you have the physical skill or intelligence to do it : သင့်တွင် ကာယနှင့်ဆိုင်ရာ ကျွမ်းကျင်မှု သို့မဟုတ် အသိဉာဏ်ရှိသောကြောင့် တစ်စုံတစ်ခုကို လုပ်ဆောင်နိုင်သောစွမ်းရည်၊ အရည်အချင်း

**ability to do sth** တစ်စုံတစ်ခုကို ပြုလုပ်နိုင်သော အရည်အချင်း *Our ability to think and speak makes us different from other animals.* ကျွန်ုပ်တို့၏ စဉ်းစားခြင်းနှင့် စကားပြောနိုင်ခြင်း အရည်အချင်းက ကျွန်ုပ်တို့အား အခြားသော သတ္တဝါများနှင့် ခြားနားအောင် ပြုလုပ်ပေး၏။ *the ability to understand what motivates other people* အခြားလူတွေကို ရည်ရွယ်ချက်တွေရှိလာအောင် ဘာက လှုံ့ဆော်တယ်ဆိုတာ နားလည်သော အရည်အချင်း


mgyoe.com

mgyee.com

**have the ability** အရည်အချင်းရှိသည်။ *Are you confident he has the ability to do this job?* သူ့မှာ ဒီအလုပ်ကို လုပ်ရန် (ဝါ) လုပ်နိုင်သော အရည်အချင်းရှိတယ်လို့ မင်းစိတ်ချယုံကြည်သလား။

plural → **abilities**

⚠ Don't say 'ability of speaking'. Say **ability to speak.**

လိုရင်းမှာ – ပထမနည်းမပြောနှင့်။ ဒုတိယနည်းပြောပါ။ စကားပြောကောင်းသော အရည်အချင်း

**skill** [*n* C] a special ability that you need to learn in order to do a particular job or activity : အတတ်ပညာတစ်ရပ်အဖြစ် သီးခြားသတ်မှတ်ထားသောလုပ်ငန်း သို့မဟုတ်လှုပ်ရှားမှုတစ်ခုကို လုပ်ကိုင်ဆောင်ရွက်နိုင်စိမ့်သောငှာ လေ့လာသင်ယူရန် လိုအပ်သော အထူးအရည်အချင်းတစ်ရပ်၊ ကျွမ်းကျင်မှု *These exercises develop the student's reading and writing skills.* ဤလေ့ကျင့်ခန်းများသည် စာသင်သား၏ အဖတ်နှင့် အရေးစွမ်းရည်များကို ဖွံ့ဖြိုးလာစေသည်။ *You need computing skills for most office jobs.* သင်သည် ရုံးလုပ်ငန်းအများစုအတွက် ကွန်ပျူတာကျွမ်းကျင်မှုများ လိုအပ်သည်။

**4** to make someone able to do something

တစ်ဦးတစ်ယောက်ကို တစ်စုံတစ်ခု လုပ်တတ်အောင် ပြုလုပ်ရန်

**enable sb to do sth/ allow sb to do sth** FORMAL to make it possible for someone to do something : တစ်စုံတစ်ယောက်က လုပ်ရပ်တစ်ခုခုကို လုပ်ဆောင်နိုင်အောင် ပံ့ပိုးပေးသည်။ *The money from my grandmother enable us to buy the house.* ကျွန်ုပ်၏ အဘွားထံမှရသော ငွေကြေးက ကျွန်ုပ်တို့ကို အိမ်ဝယ်နိုင်စေခဲ့သည်။ *This disk al-*



mgyee.com

mgyee.com

*lows you to store larger quantities of data.* ဤ ဒစ်ခ်ဓာတ်ပြားချပ်က အချက်အလက်အများအပြားကို ပိုမိုထည့်သွင်း သိမ်းဆည်းထားနိုင်စေသည်။ *Having someone to help in the house allowed me to concentrate more on my work.* အိမ်ထဲမှာ ငါ့ကိုကူညီမယ့်လူတစ်ယောက် ရှိပြီဖြစ်တဲ့ အတွက်ကြောင့် ငါ့အလုပ်ကို ပိုမိုပြီး ငါအာရုံစိုက်လာနိုင်ခဲ့တယ်။

> ⚠ **Enable sb to do sth** is more formal than **allow sb to do sth.**

လိုရင်းမှာ – ပထမအသုံးအနှုန်းက ဒုတိယအသုံးအနှုန်းထက် ပိုမို၍ ပုံစံအတိုင်း စည်းကမ်းစနစ်အတိုင်း ဖြစ်သည်။

**make it possible** if a situation, event, or change **makes it possible** for someone to do something, they are able to do something that they could not do before : အခြေအနေတစ်ရပ်၊ ဖြစ်စဉ်တစ်ခု (သို့မဟုတ်) ပြောင်းလဲခြင်းတစ်ခုက လူတစ်ယောက်ကို ကိစ္စတစ်ရပ်အား ထမ်းဆောင်လာနိုင်စေသည် ဆိုသည်မှာ ယခင်က ထိုသူမလုပ်နိုင်သော အမှုကိစ္စတစ်ခုကို ယခုမှ လုပ်ကိုင်နိုင်စွမ်းရှိလာစေသည်ဟု ဆိုလိုခြင်း ဖြစ်ပါ၏။

**make it possible to do sth** တစ်စုံတစ်ခုကို လုပ်ကိုင်ထမ်းဆောင်လာနိုင်စေသည်။ *The direct flight makes it possible to get from London to Tokyo in 12 hours.* တိုက်ရိုက်ပျံသန်းရေးခရီးစဉ်က လန်ဒန်မှ တိုကျိုသို့ ၁၂ နာရီဖြင့် ရောက်ရှိစေသည်။

**make it possible for sb to do sth** တစ်ဦးတစ်ယောက်ကို တစ်ခုခု (ကိစ္စတစ်ရပ်) အား စွမ်းဆောင်နိုင်စေသည်။ *Changes in the law will make it possible for more fathers to*


mgyee.com

mgyoe.com
*stay at home and take care of their children.* ဥပဒေကို ပြောင်းလဲပြင်ဆင်ခြင်းများက ပိုမိုများပြားသော အဖေများကို အိမ်၌နေထိုင်၍ သူတို့၏ ကလေးများ (သားသမီးများ)ကို ဂရုစိုက်စောင့်ရှောက်ရန် ဖြစ်လာစေသည်။

**let sb do sth** [*v* T] if a machine, tool etc **lets someone do something**, it provides what you need to be able to do it : စက်ယန္တရား သို့မဟုတ် ပစ္စည်းကိရိယာတစ်ခုစသည်က ~ဆိုသည်မှာ ထိုသူကိစ္စတစ်ရပ်ကို စွမ်းဆောင်နိုင်အောင် လိုအပ်သလို ကူညီပံ့ပိုးပေးခြင်းဖြစ်သည်။

**let sb do sth** တစ်စုံတစ်ယောက်ကို တစ်စုံတစ်ခု လုပ်ဆောင်စေသည်။ *The 'Moneymaster' program lets you control all your personal finances carefully and efficiently.* ငွေကြေးထိန်းချုပ်စက် သို့မဟုတ် အစီအစဉ်က သင်၏ ပုဂ္ဂိုလ်ရေးရာ ဘဏ္ဍာငွေကြေးများကို သင်ဂရုတစိုက်နှင့် နိုင်နိုင်နင်းနင်း ထိန်းသိမ်းနိုင်စေမည် ဖြစ်သည်။

**5** to be unable to do something
တစ်စုံတစ်ခုကို လုပ်ဆောင်မစွမ်းနိုင်ရန်

**can't/cannot** [*modal verb*] to be unable to do something, because you do not have the ability, time, equipment etc : သင့်တွင်အရည်အချင်း၊ အချိန်၊ လိုအပ်သော ကိရိယာပစ္စည်းစသည် မရှိသောကြောင့် အလုပ်တစ်ခုကို ပြီးမြောက်အောင် မလုပ်နိုင်။ *"Can you drive?"* မင်း ကားမောင်းတတ်သလား။ *"No, I can't."* ဟင့်အင်း၊ ငါ မမောင်းတတ်ဘူး။

**can't/cannot do sth** တစ်စုံတစ်ခုကို မလုပ်နိုင်။ *Tom can't see anything without his glasess.* တွမ်သည် သူ၏ မျက်မှန်မပါဘဲ ဘာကိုမျှမမြင်နိုင်၊ မမြင်ရ။ *I packed so much into my suitcase that I couldn't lift it.* ကျွန်ုပ်သည်


mgyoe.com

mgyoe.com
မမနိုင်တော့သည့်အထိ ကျွန်ုပ်၏ခရီးဆောင်အိတ်ထဲသို့ အများအပြား ထည့်မိခဲ့သည်။ *You can't do these sums without a calculator.* သင်သည် ဤဂဏန်းပုစ္ဆာများကို ဂဏန်းတွက်စက်တစ်ခု မပါဘဲ တွက်ချက်နိုင်မည် မဟုတ်။

> ⚠ **Cannot** is mostly used in written English ~ ကို အင်္ဂလိပ်စာ အရေးအသားမှာ အများအားဖြင့် သုံးသည်။ *Human beings cannot survive for long without water.* လူသားများသည် ရေမရှိဘဲ ကြာကြာ ဆက်လက် အသက်မရှင်နိုင်။ **Cannot** is always written as one word. **cannot** ကို စကားလုံးတစ်လုံးတည်းအဖြစ် အမြဲတစ်ဆက်တည်း ရေးရသည်။ နှစ်လုံးခွဲမရေးရ။

**not be able to do sth** တစ်စုံတစ်ခုကို လုပ်ဆောင်ရန် မစွမ်းနိုင်။ *Unfortunately, I wasn't able to help them.* ကံဆိုးချင်တော့ ငါက သူတို့ကို မကူညီနိုင်ခဲ့။ *I'm afraid I won't be able to come to the meeting after all.* မည်သို့ပင် လာနိုင်အောင် ကြိုးစားသည်ဖြစ်စေ ကျွန်ုပ်အစည်းအဝေး မတက်ရောက်နိုင်မှာကို ကျွန်ုပ်စိုးရိမ်ပါသည်။ (မှတ်ချက်။ ။ after all = in spite of all ; nevertheless. ကြိုးပမ်းလုပ်ဆောင်မှုများကို ဆန့်ကျင်၍၊ မည်သို့ပင်ဖြစ်စေ စသည့် အဓိပ္ပာယ်ဖြစ်သည်။ *After all the doctor's care, the patient died yesterday.* ဆရာဝန်၏ ဂရုစိုက်မှုကို ဆန့်ကျင်၍ လူနာသည် မနေ့က သေဆုံးခဲ့၏။ (ဆရာဝန်က ဂရုစိုက် ကြပ်မတ် ကုသနေလင့်ကစား ကွယ်လွန်သွားခဲ့ကြောင်း ဖော်ညွှန်းလိုခြင်း ဖြစ်သည်။) *The doctor told Tina she wouldn't be able to have children.* ဆရာဝန်က တီနာကို သူမ ကလေးများ မရနိုင်ဟု ပြောကြားခဲ့သည်။


mgyoe.com

mgyoe.com

⚠ **Not be able to** is used mostly in past or future tenses. In the present tense, use **can't** or **cannot** instead. For example, don't say 'I am not able to drive'. Say **I can't drive**.

လိုရင်းမှာ - **not be able to** ကို အတိတ် သို့မဟုတ် အနာဂတ် ကာလများမှာသာ အသုံးများသည်။ ပစ္စုပ္ပန်ကာလ၌ ယင်း၏ အစား **can't** သို့မဟုတ် **cannot** ကိုသုံးပါ။ 'ငါ ကားမမောင်းတတ်' ဟု ပြောလိုလျှင် ပထမနည်းမပြောနှင့်။ ဒုတိယနည်းပြောပါ။

**be unable to do sth** WRITTEN to not be able to do something, especially something important that you want to do or need to do : အရေးမှာသုံး။ တစ်စုံတစ်ခုကို မလုပ်နိုင်။ အထူးသဖြင့် သင်လုပ်ဆောင်လိုသော သို့မဟုတ် လုပ်ရန် လိုအပ်သော အရေးကြီးသည့်တစ်ခုခု။ *He lay awake all night, unable to sleep.* သူသည် အိပ်မပျော်ဘဲ တစ်ညလုံးလဲလျောင်း နေခဲ့ရသည်။ *Many passengers were unable to reach the lifeboats in time.* များစွာသောခရီးသည်တို့သည် အသက် ကယ်လှေများသို့ အချိန်မီ မရောက်နိုင်ခဲ့ကြချေ။

**be incapable of doing sth/not be capable of doing sth** to not have the physical strength or mental ability to do something : တစ်စုံတစ်ခုကို လုပ်ဆောင်ရန် ကာယ စွမ်းအား သို့မဟုတ် စိတ်စွမ်းရည်ကင်းမဲ့သည်။ *Matthew seemed to be incapable of getting a job.* မက်သယူးသည် အလုပ်တစ်ခုရရှိရန် ကာယ သို့မဟုတ် စိတ္တအရည်အသွေးကင်းမဲ့ပုံ ပေါ်ခဲ့သည်။ *She's no longer capable of looking after herself.* သူမသည် သူမကိုယ်သူမ ထိန်းသိမ်းစောင့်ရှောက်နိုင်စွမ်း မရှိတော့။


mgyoe.com

mgyoe.com

**not be in a position to do something** FORMAL to not be able to do something, because you do not have enough money, knowledge, or authority : သင့်တွင် ငွေကြေးဗဟုသုတ သို့မဟုတ် အခွင့်အာဏာမရှိသောကြောင့် တစ်စုံတစ်ခုကို ပြီးမြောက်အောင် လုပ်ကိုင် ထမ်းဆောင်နိုင်စွမ်း မရှိ။ *I'm afraid I'm not in a position to answer your questions.* ခင်ဗျားရဲ့ မေးခွန်းတွေကို ဖြေကြားနိုင်တဲ့ ရာထူးအဆင့်အတန်း ကျွန်တော်မှာ မရှိတဲ့အတွက် ဝမ်းနည်းပါတယ်။ *We are not in a position to publish the results of the survey yet.* ကျွန်ုပ်တို့သည် ကွင်းဆင်း၍ မြေတိုင်းမှု သို့မဟုတ် ပြည်သူများ၏ သဘောထား ကောက်ယူမှု၏ ရလဒ်ကို ထုတ်ပြန်ကြေငြာနိုင်သည့် အခြေအနေတွင် မရှိသေးပေ။

**it is not possible for sb to do sth** FORMAL use this to explain to someone that the situation prevents you from doing what they want you to do : အခြေအနေက သင့်အား သူတို့လိုချင်သလို လုပ်ဆောင်ပေးရန်အတွက် ဟန့်တားလျက်ရှိကြောင်း လုပ်ပေးဖို့ မဖြစ်နိုင်ကြောင်းဖြင့် လူများကို ရှင်းပြပြောကြားရာတွင် သုံးပါ။ *I'm afraid it won't be possible for the Director to see you this morning.* ညွှန်ကြားရေးမှူးက ခင်ဗျားကို ဒီနံနက် လက်ခံတွေ့ဆုံဖို့ ဖြစ်နိုင်လိမ့်မယ်မဟုတ်ဘူးလို့ ပြောပြရတာ ကျွန်တော်အားနာပါတယ်။ *Unfortunately, it wasn't possible for my daughter to come with me.* ကံဆိုးချင်တော့ ငါနဲ့အတူလိုက်ဖို့ ငါ့သမီးအတွက် မဖြစ်နိုင်ခဲ့ဘူး။

**inability to do sth** when someone is not able to do something, especially something that you think, they should be able to do : သူတို့လုပ်ဆောင်နိုင်စွမ်းရှိသင့်သည်ဟု သင်ထင်မြင်ယူဆသော တစ်စုံတစ်ခုကို တစ်ဦးတစ်ယောက်က


mgyoe.com

mgyee.com

မစွမ်းဆောင်နိုင်သောအခါမှာ သုံးပါ။ *Her actions show an inability to distinguish between fantasy and reality.* သူမ၏ အပြုအမူသည် စိတ်ကူးယဉ်ဘုံနှင့် အဖြစ်မှန်ဘဝအား ခွဲခြားနိုင်စွမ်း ကင်းမဲ့မှုကို ဖော်ပြ၏။

**sb's inability to do sth** တစ်စုံတစ်ခုကို လုပ်ဆောင်ရန် တစ်ဦးတစ်ယောက်၏ စွမ်းရည်ကင်းမဲ့မှု *their **inability** to understand even the simplest instructions* အလွယ်ကူ အရိုးစင်းဆုံး ညွှန်ကြားချက်တွေကိုတောင်မှ သူတို့နားလည်ဖို့ အရည်အချင်းကင်းမဲ့မှု

**6** to not be allowed to do something or not have the power to do it

တစ်စုံတစ်ခုလုပ်ဆောင်ဖို့ ခွင့်မပြု (သို့မဟုတ်) အခွင့်အာဏာမရှိ

**can't/cannot** [*modal verb*] ခွင့်မပြုကြောင်း၊ လုပ်ဆောင်ခွင့်မရှိကြောင်းကို ညွှန်းဆိုသည်။ *"I want to see that film."* ဟိုရုပ်ရှင်ကို ကျွန်တော်ကြည့်ချင်တယ်။ *"You can't, you're not old enough."* မင်းမကြည့်ရဘူး။ ငယ်သေးတယ်။ *The President cannot change a law that has been approved by the Congress.* သမ္မတသည် ကွန်ဂရက်လွှတ်တော် (အောက်လွှတ်တော်)က အတည်ပြုသော ဥပဒေတစ်ရပ်ကို ပြောင်းလဲနိုင်ခွင့်မရှိ။

**can't do sth** တစ်စုံတစ်ခုကို လုပ်ခွင့်မရှိ။ *"I am sorry, you can't come in."* ဝမ်းနည်းပါတယ်။ ခင်ဗျား အထဲကို ဝင်ခွင့်မရှိပါဘူး။ *"You can't get married untily you're 16."* ၁၆နှစ် မရှိမချင်း မင်းလက်ထပ်ခွင့်မရှိဘူး။

⚠ **Cannot** is more formal than **can't** and is used especially in written English : ~ သည် can't ထက်ပိုမို စည်းစနစ်အတိုင်းဖြစ်၍ အရေးမှာ အထူးသုံးသည်။



mgyee.com

mgyoe.com

*Members of the public cannot enter the building without official permission.* အများပြည်သူတို့သည် အဆောက်အအုံထဲသို့ တရားဝင်ခွင့်ပြုချက် မပါရှိဘဲ ဝင်ခွင့်မရှိ။ **Cannot** ကို အမြဲ စကားလုံးတစ်လုံးတည်းအဖြစ် တစ်ဆက်တည်း ရေးရမည်။ **Can not** ဟု စကားလုံးနှစ်လုံးအဖြစ် ခွဲမရေးရ။

**not be able to do sth** use this when a law or rule does not allow someone to do something : ဥပဒေ သို့မဟုတ် စည်းကမ်းချက်တစ်ခုက တစ်စုံတစ်ယောက်ကို တစ်ခုခု လုပ်ကိုင်ရန် ခွင့်မပြုသောအခါမှာ သုံးပါ။ လုပ်ဆောင်ခွင့်မရှိ။ *If you don't have a library card, you won't be able to borrow any books.* မင်းမှာ စာကြည့်တိုက်ကတ်မရှိရင် မင်း စာအုပ်ငှားလို့မရနိုင်ဘူး။

**powerless** [*adj not before noun*] not able to control or stop something, because you do not have the power or legal right to do it : သင့်တွင် အာဏာ သို့မဟုတ် တရားဥပဒေက ပေးအပ်ထားသော အခွင့်အရေး (လုပ်ပိုင်ခွင့်) ကင်းမဲ့သောကြောင့် တစ်စုံတစ်ခုသောကိစ္စကို ထိန်းချုပ်ရန် သို့မဟုတ် ရပ်တန့်အောင် လုပ်ရန် မစွမ်းဆောင်နိုင်။

**powerless to do sth** တစ်စုံတစ်ခုကို လုပ်ဆောင်ရန် အာဏာမရှိ၊ အစွမ်းမရှိ။ *Although we all thought the decision to invade an independent country was unfair, we were powerless to change it.* လွတ်လပ်သော နိုင်ငံတစ်နိုင်ငံကို ကျူးကျော်တိုက်ခိုက်ရန် ဆုံးဖြတ်ချက်သည် မတရားကြောင်းကို ကျွန်ုပ်တို့အားလုံး သိရှိခဲ့သော်လည်း ယင်းကို ပြောင်းလဲအောင်လုပ်ရန် တန်ခိုးအာဏာ ကင်းမဲ့ခဲ့ပါ၏။


mgyoe.com

mgyee.com

## CAREFUL

### ဂရုစိုက်သော၊ သတိထားသော

➥ opposite **CARELESS**
ဆန့်ကျင်–ဂရုမစိုက်သော၊ သတိမထားသော

**1** when you try avoid danger or accidents
သင်သည် အန္တရာယ် သို့မဟုတ် မတော်တဆထိခိုက်မှုများကို ရှောင်ရှားရန်ကြိုးစားသောအခါ

**careful** [*adj*] someone who is careful tries to avoid danger, risks, of accidents: ဂရုစိုက်သော (ဝါ) သတိထားသော တစ်စုံတစ်ယောက်သည် အန္တရာယ်၊ စွန့်စားမှုများ သို့မဟုတ် မတော်တဆ ထိခိုက်မှုများကို ရှောင်ရှားရန် ကြိုးစားသည်။ *You should always be very careful when handling chemicals.* ဓာတုဗေဒပစ္စည်းများကို ကိုင်တွယ်သောအခါ သင်သည် အမြဲ အလွန်ဂရုစိုက်သင့်သည်။ *You'll be OK with Jane - she's a very careful driver.* မင်း ဂျိန်းနဲ့အဆင်ပြေပါလိမ့်မယ်။ သူမဟာ အလွန်ဂရုစိုက်သတိရှိတဲ့ ကားမောင်းသမားဖြစ်တယ်။

**careful!/be careful!** SPOKEN (say = this when you are warning someone that they must be careful) တစ်စုံတစ်ယောက်ကို သင်က အလွန်ဂရုစိုက်သတိထားရ မယ်လို့ သတိပေး လိုသောအခါမှာ သုံးပါ။ *The vase is very delicate. Be careful!* ပန်းအိုးက သိပ်ပြီးနုတယ် (ကွဲလွယ်တယ်) နော်၊ သတိထား။

**+ with +** နှင့်။ *Hey! Careful with that cigarette.* ဟေး–အဲဒီစီးကရက်ကြီးနဲ့ သတိထား။

**careful to do sth** တစ်စုံတစ်ခုကိုလုပ်ရာမှာ သတိထား။ *You must be careful not to trip over the wire.* ဝါယာကြိုးကို



mgyee.com

mgyoe.com
မင်းခြေထောက်ဖြင့် တိုက်မိပြီး ငြိပြီးမလဲအောင် သတိထား။

**+ that** မဖြစ်အောင်သတိထားသည်။ *We had to be careful that we didn't fall off the raft.* ကျွန်ုပ်တို့သည် ဖောင်ပေါ်မှ လိမ့်မကျအောင် သတိထားရန် လိုအပ်ခဲ့သည်။

**careful how/what/who etc** ဘယ်လို/ဘာ/ဘယ်သူ စသည်ဖြင့် သတိထားသော။ *Be very careful how you handle those glasses!* ဟိုဖန်ခွက်တွေ ကိုင်တွယ်ပုံကို သိပ်သတိထားကွ–နော။ (ပေါ့ပေါ့ဆဆ မကိုင်တွယ်အောင် သတိပေးခြင်း)

**carefully** [*adv*] ဂရုစိုက်စွာ၊ သတိရှိစွာ။ *Goodbye, Sarah-drive carefully!* သွားတော့နော်၊ ဆာရာ။ သတိထားမောင်း။

**cautious** [*adj*] သတိရှိသော၊သတိထားသော။ some who is cautious does not like taking risks and is always very careful to avoid them: သတိရှိသော တစ်စုံတစ်ယောက်ဆိုသည်မှာ စွန့်စားရသည်တို့ကို မလုပ်လိုသူတစ်ယောက်ဖြစ်သည့်အပြင် ယင်းတို့ကို ရှောင်ရှားရန် အမြဲ အလွန်သတိပြုသည်။ *If we're too cautious, we might lose a good business opportunity.* ငါတို့ သိပ်ပြီး သတိရှိ အစိုးရိမ်လွန်ရင် စီးပွားရေးအကျိုးအမြတ်တစ်ခု လက်လွတ်သွားမယ်။ *My dad always goes really slowly - he's a very cautious driver.* ငါ့အဖေကတော့ တကယ်ပဲအမြဲဖြည်းဖြည်းမောင်းတယ်။ အလွန်သတိထားတဲ့ ကားမောင်းသမားပဲ။

**cautious about** ပတ်သက်၍သတိထားသော။ *I've always been cautious about giving people my telephone number.* ကျွန်ုပ်သည် လူများကို ကျွန်ုပ်၏ တယ်လီဖုန်းနံပါတ်ပေးခြင်းနှင့် ပတ်သက်၍ အမြဲသတိထားသည်။

**cautiously** [*adv*] သတိကြီးစွာဖြင့်။ *Slowly and cautiously, we made our way along the edge of the cliff.*


mgyoe.com

mgyoe.com

နေးကွေးစွာနှင့် သတိကြီးစွာဖြင့် ကျွန်ုပ်တို့သည် ကျောက်ကမ်းပါးရဲ့ စွန်းတစ်လျှောက် ရွေ့လျားခဲ့ကြ၏။

**watch out!/look out!** SPOKEN say this to warn someone that they are going to have an accident and they must do something, quickly to avoid it: တစ်စုံတစ်ယောက်ကို မတော်တဆ ထိခိုက်မှုတစ်ခုနှင့် တွေ့ကြုံရတော့မည်ဖြစ်ကြောင်း၊ ထိုအန္တရာယ်ကို ရှောင်ရှားရန် သူသည် တစ်ခုခုကို အဆောတလျင် ပြုလုပ်ရန်လိုကြောင်းတို့ကို သတိပေးရာတွင် သုံးပါ။ *Watch out - you're going to spill paint over my new carpet!* သတိဟေ့။ မင်းကြောင့် သဘော်ဆေးတွေ ငါ့ကော်ဇောသစ်ပေါ်ကျတော့မယ်။ *Look out, Phil - there's a car coming!* သတိ – ဖီလ်။ ဟိုမှာ ကားလာနေတယ်။

**with care / with caution** if you do something **with care** or **with caution,** you are very careful to avoid accidents when you do it : သင်သည် တစ်စုံတစ်ခုကို ~ သို့မဟုတ် ~ ပြုလုပ်သည်ဆိုသည်မှာ ထိုအချိန်၌ မတော်တဆ ထိခိုက်မှုများကို ရှောင်ရှားရန် အလွန်သတိထားပြီး လုပ်ဆောင်လိုက်ခြင်းဖြစ်သည်။ *These antiques are fragile and must be handled with care.* ဤရှေးဟောင်းပစ္စည်းများသည် ကျိုးပဲ့ပျက်စီးလွယ်၍ သတိနှင့် ကိုင်တွယ်ရမည်။ *Some roads may be icy and motorists are advised to drive with caution.* အချို့သောလမ်းများသည် ရေခဲလွှာဖုံးနေဖွယ်ရှိ၍ သတိဖြင့် မောင်းရန် ကားမောင်းသမားများကို သတိပေးထားသည်။

⚠ **With care** and **with caution** are often used in instructions on bottles, packages etc that contain things that are dangerous or easy to break : အထက်ပါ အသုံးအနှုန်းနှစ်ရပ်ကို အန္တရာယ်များ၍ အလွယ်တကူ


mgyoe.com

mgyoe.com

ကျိုးပဲ့နိုင်သောပစ္စည်းများပါရှိသည့် ပုလင်းများ၊ သေတ္တာအထုပ်အပိုးများ စသည်တို့ပေါ်တွင် ရေးထိုးထားလေ့ရှိသည်။ *Toxic materials - handle with caution.* အဆိပ်ပါရှိသော ပစ္စည်းများ . . . သတိထားကိုင်တွယ်။

**be on your guard** to carefully watch and notice everything that is happening around you, in order to avoid problems or danger : ပြဿနာများနှင့် အန္တရာယ်ကို ရှောင်ရှားနိုင်စိမ့်သောငှာ သင်၏ပတ်ဝန်းကျင်၌ ဖြစ်ပျက်နေသောအရာမှန်သမျှကို ဂရုတစိုက်စောင့်ကြည့်သတိထားပါ။ သင့်ကိုယ်သင် ကာကွယ်ပါ။ *You need to be on your guard at the airport; there are a lot of pickpockets around.* သင်သည် လေဆိပ်၌ သင့်ကိုယ်သင် ကာကွယ်စောင့်ရှောက် သတိထားရန် လိုအပ်သည်။ ထိုနေရာဝန်းကျင်တွင် ခါးပိုက်နှိုက် အမြောက်အမြား ရှိသည်။

**take no chances** to organize something in a very careful way, because you want to avoid any possible risks : ဖြစ်ပေါ်လာနိုင်ဖွယ်ရှိသော အန္တရာယ်ကို ရှောင်ရှားချင်သောကြောင့် တစ်ခုခုလုပ်ရာတွင် သတိကြီးစွာထား၍ ဂရုတစိုက် လုပ်ကိုင်ဆောင်ရွက်သည်။ ''သိပ်ဂရုစိုက်နေစရာမလို၊ ရပါတယ်၊ ဖြစ်ပါတယ်'' ဟု မည်သည့်ကိစ္စကိုမျှ ပေါ့ပေါ့ဆဆ ကရော်ကမည် မလုပ်။ *This time we're taking no chances. Everything will be planned down to the last detail.* ဒီအကြိမ်တော့ ငါတို့ ပေါ့ပေါ့ဆဆ ကရော်ကမည်လုပ်လို့ မဖြစ်ဘူး။ အရာရာကို နောက်ဆုံးသော အသေးစိတ်အထိ စီစဉ်ထားရလိမ့်မယ်။

**2** when you try not to make mistakes or do things badly

အမှားများမလုပ်ရန် သို့မဟုတ် အမှုကိစ္စတို့ကို ဆိုးရွားစွာ မပြုလုပ်မိရန် သင်ကြိုးပမ်းသောအခါ



mgyoe.com

mgyoe.com

**careful** [*adj*] someone who is careful tries not to make mistakes, and tries to do everything correctly : သတိထားသော လူတစ်ယောက်ဆိုသည်မှာ အမှားများကို မပြုလုပ်မိအောင် ကြိုးစားသည့်အပြင် အရာရာကို မှန်မှန်ကန်ကန် ဆောင်ရွက်နိုင်အောင် အားထုတ်သောသူဖြစ်သည်။ *She's a careful hardworking student.* သူမသည် ဂရုတစိုက်ရှိ၍ စာကြိုးစားသော ကျောင်းသူတစ်ယောက်ဖြစ်သည်။

**+ with +** နှင့် ပတ်သက်၍။ *Try to be more careful with your pronunciation.* သင်၏အသံထွက်နှင့် ပတ်သက်၍ ပိုမိုသတိပြုဂရုစိုက်ရန် ကြိုးစားပါ။

**careful to do sth** တစ်စုံတစ်ခုကို လုပ်ရန် သတိပြုဂရုစိုက်သည်။ သတိရှိရှိဖြင့် လုပ်ဆောင်သည်။ *They were careful not to touch anything until the police arrived.* ရဲများမလာရောက်မချင်း တစ်စုံတစ်ရာကိုမျှ မကိုင်တွယ်ရန် သူတို့သတိပြုခဲ့ကြ၏။

**carefully** [*adv*] သတိရှိစွာ၊ ဂရုစိုက်စွာ။ *Check your essay carefully for spelling mistakes.* စာလုံးပေါင်းအမှားများအတွက် သင်၏ စာစီစာကုံးကို ဂရုတစိုက်စိစစ်ပါ။

**take care** to do a piece of work carefully because you want it to be right, and you do not want to make mistakes : မှန်ကန်၍ အမှားအယွင်းများမရှိစေလိုသောကြောင့် အလုပ်တစ်ခုကို သတိရှိရှိဖြင့် ဂရုတစိုက်လုပ်သည်။ သတိထားဂရုစိုက်သည်။ *Look at all these mistakes! Can't you take more care?* ဒီအမှားတွေကို ကြည့်စမ်း။ မင်းသည် ထက်ပိုသတိမကပ်နိုင်ဘူးလား။

**+ with +** ကို *Sally doesn't take enough care with her work.* ဆယ်လီသည် သူမ၏ အလုပ်ကို လုံလောက်အောင်


mgyoe.com

mgyoe.com
ဂရုမစိုက်ပေ။

**take care to do sth** တစ်စုံတစ်ခုကိုလုပ်ရန် သတိထားဂရုစိုက်သည်။ *Take care to label all the disks with the correct file names.* ခွေတ်ပြားတွေအားလုံးကို သူတို့ရဲ့မှန်ကန်တဲ့ဆီရိုတွဲနာမည်တံဆိပ်တွေ ကပ်မိအောင် သတိထား။

**thorough** [*adj not usually before noun*] someone who is **thorough** is careful that all the work they do is complete and correct : ~ ဖြစ်သော တစ်စုံတစ်ယောက်ဆိုသည်မှာ သတိထားဂရုစိုက်သူတစ်ယောက်ဖြစ်ပြီး သူလုပ်ဆောင်သော အလုပ်အားလုံး ပြီးပြည့်စုံ၍ မှန်ကန်ကောင်းမွန်သည်။ *Our mechanics will check everything ; they are very thorough.* ကျွန်ုပ်တို့၏ စက်ဆရာများသည် အားလုံးကိုစစ်ဆေးကြလိမ့်မည်။ သူတို့သည် အလွန်သတိထားပြီး ဂရုတစိုက်ရှိသည်။

**thoroughly** [*adv*] သတိထားဂရုစိုက်စွာ။ *All the equipment had been thoroughly tested.* တပ်ဆင်ထားသော စက်ပစ္စည်းအားလုံးကို သေသေချာချာ ဂရုတစိုက် စစ်ဆေးထားပြီးခဲ့ပြီ။

**conscientious** [*adj*] someone who is **conscientious** is very careful about their work or duties, and works hard to do everything that needs to be done : ~ ဖြစ်သော တစ်စုံတစ်ယောက်ဆိုသည်မှာ သူ၏ အလုပ် သို့မဟုတ် တာဝန်များကို အလွန်ဂရုစိုက် အလေးထားသူဖြစ်ပြီး လုပ်စရာရှိသော ကိစ္စတိုင်းကို ကြိုးကြိုးစားစားလုပ်ဆောင်သည်။ တာဝန်သိသည်၊ အသိဉာဏ်ရှိရှိ လုပ်ဆောင်တတ်သော။ *Ryan has always been a consientious worker.* ရိုင်ယင်သည် အမြဲတမ်း တာဝန်သိပြီး အလုပ်ကို ဂရုစိုက်ကြိုးစားလုပ်ဆောင်သော အလုပ်သမားတစ်ယောက်ဖြစ်သည်။ *a conscientious mother* တာဝန်ကျေပွန်အောင် အလေးထားဂရုစိုက်သော မိခင်တစ်ယောက်။


mgyoe.com

mgyoe.com

**conscientiously** [*adv*] တာဝန်ကျေပွန်စွာ၊ အသိဉာဏ်ရှိစွာ။ *The chairman carried out his duties conscientiously.* ဥက္ကဋ္ဌသည် သူ၏ဝတ္တရားများကို ကျေပွန်စွာဂရုတစိုက် ထမ်းဆောင်ခဲ့သည်။

**meticulous** [*adj*] someone who is **meticulous** is very careful about every small detail, and always makes sure that everything is done correctly : ~ ဖြစ်သော တစ်စုံတစ်ယောက်ဆိုသည်မှာ သေးငယ်သော အသေးစိတ်ကိစ္စတစ်ခုကိုပင် အလွန်ဂရုစိုက် သတိထား၍ အရာခပ်သိမ်းကို လုပ်ကိုင်ဆောင်ရွက်ရာတွင် မှန်ကန် သေချာအောင် အမြဲအလေးထားသည်။ *The jewellery was beautifully made, and was obviously the work of a meticulous craftsman.* ရတနာပစ္စည်းသည် လှပစွာပြုလုပ်ထား၍ အလွန်ဂရုစိုက်သတိထားသော လက်မှုပညာရှင်တစ်ယောက်၏ လက်ရာဖြစ်ကြောင်း ထင်ရှားခဲ့၏။

**+ about +** ပတ်သက်၍။ *John's very meticulous about keeping accounts.* ဂျွန်သည် ငွေစာရင်းကိုင်တွယ်ထားရှိမှုနှင့် ပတ်သက်၍ အလွန်သတိထားသည်။

**meticulously** [*adv*] ဂရုစိုက်စွာ။ *Books and papers were meticulously arranged on his desk.* သူ၏ စာရေးစားပွဲပေါ်၌ စာအုပ်များနှင့် သတင်းစာများကို ဂရုတစိုက်စနစ်တကျ စီထားခဲ့သည်။

**pay attention to sth** to be careful that a particular thing is done in the right way : တစ်ခုခုကို စနစ်တကျ ပြုလုပ်ရန် ဂရုစိုက်သည်။ *You need to pay more attention to your hair and make-up.* သင်သည် သင်၏ဆံပင်နှင့် ဖီးလိမ်းအလှခြယ်မှုကို ပိုမိုဂရုစိုက်ရန် လိုအပ်သည်။



mgyoe.com

mgyoe.com

## 3 careful work / actions

ဂရုတစိုက် သေသေချာချာလုပ်ထားသောအလုပ်၊ လှုပ်ရှား လုပ်ဆောင်မှု

**careful** [*adj* only before noun] **a careful** test, study, piece of work etc is done carefully and correctly, with a lot of attention to details : ~ ဖြစ်သော စမ်းသပ်မှု၊ လေ့လာမှု၊ အလုပ်တစ်ခု စသည့်မှာ အသေးစိတ်အချက်များကို အထူးအလေးထားပြီး ဂရုတစိုက် နည်းလမ်းမှန်စွာ ပြုလုပ်ထားသည်ဟု ဆိုလိုသည်။ *A careful inspection showed cracks in the foundation of the building.* ဂရုတစိုက် သေသေချာချာ စစ်ဆေးကြည့်သည့်တွင် အဆောက်အအုံ၏ အခြေခံအုတ်မြစ်၌ ကွဲအက်မှုများကို တွေ့ရှိခဲ့ရ၏။ *Her book is the result of years of careful research.* သူမ၏ ကျမ်းစာအုပ်သည် နှစ်ပေါင်းများစွာ ဂရုတစိုက် သုတေသနပြုချက်၏ အကျိုးရလဒ်ဖြစ်၏။

**thorough** [*adj*] **a thorough** search, check, examination etc is done carefully so that no detail is missed:~ ဖြစ်သော ရှာဖွေခြင်း၊ စိစစ်ခြင်း၊ စစ်ဆေးခြင်းဆိုသည်မှာ အသေးစိတ်အချက်များ မကျန်ရစ်ရအောင် ဂရုတစိုက်ပြုလုပ်ခြင်း ဖြစ်သည်။ *The police have made a thorough search of the area.* ရဲတို့သည် ယင်းနယ်မြေကို စေ့စေ့စပ်စပ်ရှာဖွေပြီးပြီ။ *The doctor gave me a thorough check-up.* ဆရာဝန်က ကျွန်ုပ်ကို သေသေချာချာဂရုတစိုက် စစ်ဆေးပေးခဲ့သည်။

**systematic** [*adj*] **a systematic** way of doing something uses a fixed plan, so that everything gets done thoroughly- use this especially about activities that are dishonest or harmful : အရာရာ စနစ်တကျ သေသေချာချာ ပြီးမြောက်စေဖို့ စီမံကိန်းတစ်ခုကို အခိုင်အမာ ချမှတ်လျက် ဦးတည်ချက်တစ်ရပ်ကို စည်းကမ်းတကျ အကောင်အထည်ဖော်သည်။



mgyoe.com

mgyoe.com
မရိုးသားသော သို့မဟုတ် အန္တရာယ်ရှိသော ကိစ္စတစ်ရပ်အကြောင်း ဖော်ပြရာမှာ အထူးသဖြင့် သုံးပါ။ *the invaders'systematic destruction of that country's education system* ကျူးကျော်ဝင်ရောက် သိမ်းပိုက်သူတို့၏ ထိုတိုင်းပြည်၏ ပညာရေး စနစ်ကို စနစ်တကျ ဖျက်ဆီးခြင်း။ *The Jewish ex-prisoners talked of systematic cruelty within the Nazi concentration camp during the World War II.* ဂျူးအကျဉ်းသားဟောင်းများသည် ဒုတိယကမ္ဘာစစ်ကြီးအတွင်းက နာဇီအကျဉ်းစခန်းတွင် စနစ်တကျရက်စက်ညှဉ်းဆဲခဲ့မှုကို ပြောပြခဲ့ကြ၏။

**systematically** [*adv*] စနစ်ကျစွာ။ *They went through the documents systematically, removing every reference to his former wife.* သူတို့သည် သူ့ဇနီးဟောင်းနှင့် သက်ဆိုင်သော အထောက်အထားမှန်သမျှကို ဖယ်ရှားပစ်ရင်း စာရွက်စာတမ်းများကို အသေးစိတ် စိစစ်ဖတ်မှတ်ခဲ့ကြ၏။


**painstaking** [*adj*] very careful and thorough, and taking a lot of time and effort : အချိန်နှင့် ကြိုးပမ်းအားထုတ်မှု များစွာရယူလျက် အလွန်အပန်းတကြီး ဂရုစိုက် သေချာစေ့စပ်သော။ *They began the long and painstaking task of compiling a bibliography.* သူတို့သည် ရှည်ကြာစေ့စပ်၍ ဒုက္ခခံရသည့် စာအုပ်ပုံနှိပ်သမိုင်း စုဆောင်းပြုစုရေး အလုပ်တာဝန်ကို စတင်ခဲ့ကြ၏။

**painstakingly** [*adv*] အပန်းတကြီး ဂရုတစိုက်။ *The poet's house has been painstakingly restored.* ကဗျာဆရာ၏ အိမ်ကို အပန်းတကြီး ဂရုတစိုက် ထိန်းသိမ်းပြင်ဆင်ထားပြီ။


mgyoe.com

# CARELESS

## ဂရုမစိုက် သတိမထားသော




**1** careless, so that accidents happen
မတော်တဆထိခိုက်မှုများ ဖြစ်စေလောက်အောင် ဂရုမစိုက် ပေါ့တီးပေါ့ဆ ဖြစ်သော

**careless** [*adj*] someone who is **careless** does not take care to avoid accidents and is likely to damage something or hurt someone : ပေါ့တီးပေါ့ဆဖြစ်သော တစ်စုံတစ်ခုဆိုသည်မှာ မတော်တဆ ထိခိုက်မှုများကို ရှောင်ရှားရန် ဂရုမစိုက် သတိမထားသောသူတစ်ယောက်ဖြစ်၍ သူ့ကြောင့် တစ်ခုခု ပျက်စီး သို့မဟုတ် တစ်ယောက်ယောက် ထိခိုက်နာကျင်နိုင်ဖွယ် ရှိလေသည်။ *a careless driver* ဂရုမစိုက် သတိမထားသော ကားမောင်းသမား။ *the careless handling of explosives* ပေါက်ကွဲစေနိုင်သော လက်နက်ပစ္စည်းများကို နမော်နမဲ့ ကိုင်တွယ်ခြင်း။ **+ about +** နှင့် ပတ်သက်၍။ *The airline was accused of being careless about security.* လေယာဉ်ကုမ္ပဏီသည်

mgyoe.com

လုံခြုံရေးနှင့် ပတ်သက်၍ ဂရုစိုက်အလေးထားခြင်းမရှိဟု စွပ်စွဲခံခဲ့ရသည်။

**carelessly** [*adv*] ဂရုမစိုက်စွာ၊ ပေါ့ပေါ့ဆဆ။ *Someone had carelessly dropped a lighted cigarette end into the wastebasket.* တစ်စုံတစ်ယောက်က အမှိုက်ခြင်းထဲသို့ မီးမငြိမ်းသတ်ရသေးသော စီးကရက်တိုကို ဂရုမစိုက် ပေါ့ပေါ့ဆဆ ချသွားခဲ့သည်။

**carelessness** [*n U*] the state of being careless : ဂရုမစိုက်၊ ပေါ့ပေါ့ဆဆဖြစ်ခြင်း။ *injuries that were caused by someone else's carelessness* အခြားတစ်စုံတစ်ယောက်၏ ပေါ့ဆမှုကြောင့် ဖြစ်ပွားခဲ့ရသော ထိခိုက်နာကျင်မှုများ

**clumsy** [*adj*] someone who is clumsy often drops things or breaks things because they move around in a careless way : သူသည် နမော်နမဲ့သွားလာရွေ့လျားသောကြောင့် ~ဖြစ်သော လူတစ်ယောက်ဆိုသည်မှာ အရာဝတ္ထုများကို လွတ်ကျတတ်၊ သို့မဟုတ် ပစ္စည်းများ သူ့လက်ချက်ဖြင့် ကွဲတတ်၊ ကျိုးပဲ့ပျက်စီးတတ်သူတစ်ယောက်ဖြစ်သည်။ ကိုးရိုးကားရား၊ အ,နှ၊ အချိုးအစားမကျ၊ ခနော်ခနဲ့၊ ခိုးလိုးခုလု၊ မကျွမ်းမကျင်၊ ရှုံးတိုးရှန့်တန့်ဖြစ်သော။ *I'm sorry about your vase - Rob's such a clumsy boy!* ကျွန်တော် ခင်ဗျားရဲ့ အလှပန်းအိုးအတွက် ဝမ်းနည်းပါတယ်။ ရော့ဘ်ကတော့ အလွန် အ,နတဲ့ ကောင်လေး။ *Paula always felt clumsy when she had to serve food to people.* ပေါ်လာသည် လူများကို အစားအစာ တည်ခင်းကျွေးမွေးရသောအခါ ရှုံးတိုးရှန့်တန့် ဖြစ်တတ်သည်။ *a large man with big clumsy hands* ကြီးမားပြီး အချိုးအစားမကျတဲ့ လက်ကြီးတွေနဲ့ ရောမလူကြီးတစ်ယောက်


mgyoe.com

mgyoe.com

**clumsy- clumsier - clumsiest**

**clumsily** [*adv*] ~ဖြစ်စွာ။ *I got up, clumsily knocking against the table.* ကျွန်ုပ်သည် မတ်တတ်ရပ်ခဲ့ရာ (ထိုင်ရာမှ ထခဲ့ရာ) ကိုးရိုးကားရား ကလန်ကလားဖြင့် စားပွဲနှင့် ဆောင့်မိခဲ့သည်။

**irresponsible** [*adj*] someone who is irresponsible does not do the things they should do, or does the things they should not do, usually with harmful results : ထုံးစံအတိုင်း အန္တရာယ်ရှိသော အကျိုးဆက်များကို ဖြစ်ပေါ်စေလျက် ~ဖြစ်သော တစ်စုံတစ်ယောက်သည် လုပ်သင့်သည်ကို မလုပ် – တစ်နည်းပြောရလျှင် မလုပ်သင့်သည်ကို လုပ်သည်။ တာဝန်မဲ့သော။ *irresponsible parents who allow their teenage children to stay out all night* သူတို့သည် ဆယ်ကျော်သက်အရွယ်ကလေးငယ်များ (သားသမီးများ) ကို တစ်ညလုံး (ဝါ) ညလုံးပေါက် အပြင်ထွက်လည်၊ သွားချင်ရာ သွားခွင့်ပေးသော တာဝန်မဲ့ မိုက်သား မိဘများ။ *It was an irresponsible practical joke that might have caused serious injuries.* အပြင်းအထန် ဒဏ်ရာတွေကို ရစေခဲ့ဖွယ် ရှိတာကတော့ တာဝန်မဲ့လက်တွေ့ လှောင်ပြောင်မှုတစ်ခု ဖြစ်ခဲ့တယ်။

**reckless** [*adj*] ESPECIALLY WRITTEN someone who is **reckless** does dangerous or stupid things without thinking that they or someone else might get hurt : ~ဖြစ်သော တစ်စုံတစ်ယောက်ဆိုသည်မှာ သူ သို့မဟုတ် အခြားလူ တစ်ယောက်ယောက် ထိခိုက်နာကျင်သွားနိုင်ကြောင်းကို မစဉ်းစားမိ၊ မစဉ်းစားနိုင်ဘဲ အန္တရာယ်ရှိသော သို့မဟုတ် မိုက်မဲသော လုပ်ရပ်များကို ပြုလုပ်သည့်သူတစ်ဦးဖြစ်သည်။ *The driver of the car was arrested for reckless driving.* ကားမောင်းသမားကို မိုက်မိုက်ကန်းကန်း မောင်းနှင်မှုအတွက် ဖမ်းဆီးခဲ့သည်။



mgyoe.com

mgyoe.com

*a reckless disregard for human life* လူသားအသက် တစ်ချောင်းအတွက် ပမာမထား မစဉ်းစားဘဲ ပြုမူမှု

**recklessly** [*adv*] ~ ပေါ့ပေါ့ဆဆ မဆင်မခြင်။ *young men recklessly risking their lives in a dangerous sport* အန္တရာယ်များသော ကစားခုန်စားတစ်ခု၌ သူတို့၏ အသက်များကို ပမာမထား မစဉ်းစားဘဲ ပြုမူသော လူငယ်များ

**negligence** [*n*] when someone does not do an important job carefully enough, especially with the result that there is an accident and they are punished for causing it : တစ်စုံတစ်ယောက်က အရေးကြီးသော အလုပ်ကိစ္စ တစ်ခုကို ဂရုတစိုက် မထမ်းဆောင်သည့် အကျိုးရလဒ်အဖြစ် မတော်တဆ ဖြစ်မှုတစ်ရပ် ဖြစ်ပေါ်လာပြီး ယင်းကဲ့သို့ ပေါ့ဆ ပျက်ကွက်မှုကြောင့် ထိုသူ အပြစ်ပေးခံရသောအခါမှာသုံးသည်။ တာဝန်ကို ကျေပွန်စွာ မထမ်းဆောင်ဘဲ ပျက်ကွက်ပေါ့ဆမှု။ *a case of medical negligence in which a doctor has made some serious mistakes* ဆရာဝန်တစ်ယောက်က ဆိုးရွားကြီးမားသော အမှားအချို့ကို ပြုလုပ်လိုက်သည့် ဆေးကုသမှု ဆိုင်ရာ တာဝန်ပျက်ကွက်ပေါ့ဆသော အမှုကိစ္စတစ်ရပ် *You can claim compensation if your injury is a result of your employer's negligence.* သင်၏ မတော်တဆ ထိခိုက် ဒဏ်ရာရမှုသည် သင်၏ အလုပ်ရှင်၏ ပေါ့ဆလျစ်လျူရှုမှုကြောင့် ဖြစ်လျှင် သင်လျော်ကြေးတောင်းဆိုနိုင်၏။

**negligent** [*adj*] ~ ပေါ့ဆပျက်ကွက်သော။ *The court said that the teacher had been negligent in not reporting the accident.* ဆရာသည် မတောတဆဖြစ်ပွားမှုကို အစီရင်ခံ မတင်ပြခဲ့သည့်အတွက် ဝတ္တရားပျက်ကွက်ပေါ့ဆခဲ့သည်ဟု တရားရုံးက ဆုံးဖြတ်ခဲ့သည်။



mgyoe.com

mgyue.com

⚠ **Negligence** is a word used especially by lawyers.

ဤစကားလုံးကို အထူးသဖြင့် ဥပဒေပညာရှင်များ သုံးသည်။

## 2 careless, so that you make mistakes
အမှားများဖြစ်ပေါ်စေလောက်အောင် ပေါ့ဆသော

**careless** [*adj*] someone who is **careless** makes mistakes because they do not think carefully enough about what they are doing : သူတို့သည် ဘာကိုလုပ်နေကြောင်း လုံလောက်စွာ ဂရုတစိုက် မစဉ်းစားသောကြောင့် အမှားအယွင်းများကို ပြုလုပ်သော တစ်စုံတစ်ယောက်နှင့် ပတ်သက်၍ သုံးပါ။ ပေါ့ဆသော။ အမှတ်ထင်ထင် မဟုတ်သော၊ မေ့လျော့သော။ *I made a few careless mistakes.* ကျွန်ုပ်သည် ပေါ့တီး ပေါ့ဆဖြင့် အမှားအချို့ကို ပြုလုပ်ခဲ့သည်။ ( . . . . . မမှားသင့်သော အမှားများကို ပြုလုပ်ခဲ့မိကြောင်း ပြောကြားလိုခြင်း) *All the excitement had made him careless, and he left the house without locking the door.* သူ တွေ့ကြုံခံစားခဲ့ရသော စိတ်လှုပ်ရှားမှုအားလုံးက သူ့ကို အမှတ်သညာ ကင်းမဲ့အောင် ပြုလုပ်ခဲ့၍ အိမ်ကိုသော့မခတ်ဘဲ သူထားရစ်ခဲ့သည်။ (ဝါ) အိမ်ကို သော့မခတ်ဘဲ ထွက်ခဲ့သည်။

**it is careless of sb** [ *to do sth*] ပေါ့တီးပေါ့ဆဖြင့် တစ်ဦးတစ်ယောက်သည် တစ်ခုခုကို လုပ်ဆောင်သည်။ နမော်နမဲ့ဖြင့် တစ်ခုခုကို လုပ်သည်။ *It was very careless of you to leave your purse lying on the desk.* စာရေးစားပွဲပေါ်မှာ မင်းရဲ့ ပိုက်ဆံအိတ်ကို ပေါ်တင်ကြီးထားခဲ့တာဟာ မင်းအနေနဲ့ အင်မတန် ပေါ့တီးပေါ့ဆ လုပ်ခဲ့တာပဲ။


mgyue.com

mgyoe.com

**carelessly** [*adv*] ပေါ့ဆစွာ။ *He had carelessly switched off his computer without saving the data.* သူသည် အချက်အလက်များကို လုံခြုံအောင် ထိန်းချုပ်ခြင်းမပြုဘဲ ပေါ့ဆစွာ သူ၏ကွန်ပျူတာကို ပိတ်ခဲ့သည်။

**carelessness** [*n* C] ပေါ့ဆမှု။ *Most accidents are entirely due to carelessness.* မတော်တဆ ကားတိုက်မှု အများစုတို့သည် ပေါ့ဆမှုကြောင့် အဓိက ဖြစ်ကြ၏။

**sloppy** [*adj*] done in a careless and lazy way - use this about someone's work or the way someone writes or speaks : ပေါ့တီးပေါ့ဆ ပျင်းပျင်းရိရိ နည်းလမ်းမျိုးဖြင့် ပြုလုပ်သည်။ တစ်စုံတစ်ယောက် အလုပ်လုပ်ပုံ သို့မဟုတ် စာရေးပုံ၊ စကားပြောပုံ စသည်တို့နှင့် ပတ်သက်၍ သုံးပါ။ *As a student, he was brilliant but sloppy.* ကျောင်းသားတစ်ယောက်အဖြစ် သူသည် ဉာဏ်ကောင်းခဲ့သည်။ သို့သော် ပျင်းရိခဲ့သည်။ *The company's failure was blamed on sloppy management.* ကုမ္ပဏီ၏ ကျရှုံးမှုသည် ပေါ့တီးပေါ့ဆ ပျင်းပျင်းရိရိ စီမံခန့်ခွဲမှုကြောင့်ဖြစ်သည်ဟု အပြစ်တင် ခံခဲ့ရ၏။

**sloppy - sloppier - sloppiest**

**3** when you decide too quickly
သင် လျင်မြန်လွန်းစွာ ဆုံးဖြတ်သောအခါ

**rash** [*adj*] if you do something **rash,** you do not think carefully about the effect it will have, and wish later you had not done it : သင်သည် ကိစ္စတစ်ရပ်ကို ~ ဖြစ်သော အခြေအနေဖြင့် ပြုလုပ်လိုက်လျှင် ထိုကဲ့သို့ လုပ်ဆောင်ခြင်းမှ ဖြစ်ပေါ်လာမည့် အကျိုးဆက်ကို ဂရုတစိုက်စဉ်းစားခြင်း မပြုသောကြောင့် နောင်မှ နောင်တရသည့်အနေဖြင့် "ငါ ဒီလို မလုပ်



mgyoe.com

mgyoe.com
ခဲ့မိရင် ကောင်းမှပဲ'' ဟု ဆန္ဒဖြစ်ပေါ်လာလေ့ရှိသည်။ ကမူးရှူးထိုး ပြုလုပ်သော၊ မဆင်မခြင်ပြုလုပ်သော *I'm sure she won't do anything rash - she's such a sensible girl.* သူမသည် တစ်စုံတစ်ရာကိုမျှ ကမူးရှူးထိုး ပြုလုပ်လိမ့်မည်မဟုတ်ဟု ကျွန်ုပ် အသေအချာ ယုံကြည်ပါသည်။ သူမသည် ထိုမျှလောက် အသိတရားရှိသော မိန်းကလေးတစ်ယောက်ဖြစ်သည်။ *Don't make any rash promises that you may regret later.* နောင်မှ နောင်တရနေရမယ့် ကတိမျိုးတွေကို မဆင်မခြင် မပေးလေနဲ့။

**rashly** [*adv*] မဆင်မခြင် ကမူးရှူးထိုး ပြောဆိုလုပ်ကိုင်လေ့ရှိစွာ *I rashly offered to lend her the money.* သူမကို ငွေချေးပါမယ်လို့ ငါ မစဉ်းမစား ကတိကဝတ်ပြုခဲ့မိတယ်။

**hasty** [*adj*] too quick to do or say something, without taking time to think about it first : ကြိုတင်၍ အချိန်ယူ စဉ်းစားဆင်ခြင်ခြင်း မပြုဘဲ တစ်စုံတစ်ခုကို ကသောကမျော အလျင်စလို ပြုလုပ်ပြောဆိုသည်။ *I think I may have been a little hasty. I shouldn't have accused him of lying.* ကျွန်ုပ် အနည်းငယ် အလျင်စလိုဖြစ်သွားသည်ဟု ထင်ပါသည်။ သူ့ကို လိမ်ညာသည်ဟု မစွပ်စွဲသင့်ပါ။ *Don't make any hasty decisions.* ဆုံးဖြတ်ချက်တွေကို အူယားဖားယား ကသောကမျော မချလေနဲ့။

**hastily** [*adv*] ~ စွာ။ *He later admitted that he might have acted a little hastily.* အနည်းငယ် အလျင်စလို မစဉ်းမစား သူပြုမူခဲ့ဖွယ် ရှိပါသည်ဟု နောက်၌ သူက ဝန်ခံခဲ့၏။

ESSENTIAL ACTIVATOR-C


mgyoe.com

mgyoe.com

## CARRY

### သယ်ဆောင်သည်

➥ see also **TAKE / BRING, LIFT, HOLD**

**1** to carry something or someone

တစ်စုံတစ်ခု သို့မဟုတ် တစ်စုံတစ်ယောက်ကို သယ်ဆောင်ရန်

**carry** [*v* T ] to take something from one place to another, by holding it in your hands, lifting it on your back etc : တစ်စုံတစ်ခုကို သင်၏လက်များဖြင့် ကိုင်၍ဖြစ်စေ၊ သင်၏ ကျော စသည်ပေါ်တွင် ထမ်းပိုး၍ဖြစ်စေ တစ်နေရာမှ တစ်နေရာသို့ သယ်ဆောင်သည်။ *A porter helped me carry my bags.* အထမ်းသမားတစ်ယောက်က ကျွန်ုပ်၏အိတ်များကို သယ်ဆောင်၍ ကျွန်ုပ်ကို ကူညီခဲ့သည်။

**carry sth to/ out of/ around etc** တစ်စုံတစ်ခုကို သို့၊ အပြင်သို့၊ လှည့်လည်၍ စသည်ဖြင့် သယ်သည်။ *The women have to carry water from the well to the village.* အမျိုးသမီးများသည် ရေကို ရေတွင်းမှ ကျေးရွာသို့ သယ်ယူကြရ၏။ *I've been carrying this tape-recorder around with me all day.* ကျွန်ုပ်သည် ဤတိပ်ခွေသုံး အသံဖမ်းစက်ကို ကျွန်ုပ်နှင့်အတူ တစ်နေ့လုံး လှည့်လည် သယ်ဆောင်လျက်ရှိသည်။

**carry - carrying - carried - carried**

> ⚠ Don't confuse **carry** =(take something somewhere by holding it in your hands) with **hold** =(have something in your hands) and **lift** =(move something that you are holding to a higher position).

**carry** = (တစ်စုံတစ်ခုကို တစ်နေရာရာသို့ လက်ဖြင့်ကိုင်၍ သယ်ဆောင်သည်)၊ **hold** = ( တစ်စုံတစ်ခုကို လက်ဖြင့်ဆုပ်ကိုင်



mgyoe.com

mgyoe.com

သည်) နှင့် **lift** (= လက်ထဲ၌ကိုင်ထားသော တစ်စုံတစ်ခုကို အမြင့်သို့ မြှောက်သည်၊ မသည်) တို့ကို မရောထွေးစေနှင့်။

> ⚠ Don't confuse **carry** and **take**. Don't say 'I carried him home in my car'. Say *I took him home in my car.*

**carry** နှင့် **take** ကိုလည်း မရောထွေးစေနှင့်။ 'ငါသည် သူ့ကို ငါ့ကားဖြင့် သူ့အိမ်ပို့ပေးသည်'ဟု ပြောလိုသောအခါ **carry** နှင့် မပြောရ။ **took** ဖြင့် ပြောပါ။

**be weighed down with sth/be loaded down with sth** to be carrying so many things that it is difficult for you to move : အလွန်များပြားလှသော ပစ္စည်းများ၊ ဝန်များကို သယ်ဆောင်နေရသောကြောင့် သင့်အတွက် ရွေ့လျားရသည်မှာ ခက်ခဲသည်။ ဝန်ပိသည်။ *She struggled back along the street, weighed down with shopping bags.* သူမသည် ဝယ်ယူလာခဲ့သော အိတ်များ၏အောက်တွင် ဝန်ပိလျက် မနိုင့်တနိုင်ဖြင့် လမ်းအတိုင်း အိမ်ပြန်ရွေ့လျားခဲ့သည်။

**be loaded with sth** if a vehicle is **loaded with** something, it is carrying a lot of it : မော်တော်ယာဉ် တစ်စီးသည် တစ်စုံတစ်ခုဖြင့် ~ ဆိုသည်မှာ ကုန်အများအပြား သယ်ဆောင်လာသည်၊ ဝန်များစွာတင်ထားသည်ဟု ဆိုလိုသည်။ *A truck loaded with cement had crashed into the wall.* ဘိလပ်မြေတွေတင်ထားသော ကုန်တင်ကားတစ်စီးသည် အုတ်နံရံကို ဝင်တိုက်ခဲ့သည်။

## 2 easy to carry
### သယ်ဆောင်ရလွယ်ကူသော

**portable** [*adj* usually before noun] **portable TV / computer/ typewriter/ heater etc** a television, com-


mgyoe.com

mgyoe.com

puter etc that is fairly small and easy to carry around with you : ရုပ်မြင်သံကြားစက်၊ ကွန်ပျူတာ စသည့် အတော်အတန် သေးငယ်၍ သင်နှင့်အတူ ဟို–သည်သို့ သယ်ယူသွားရန်လွယ်ကူသော *She has a small portable TV in the kitchen.* သူမတွင် မီးဖိုခန်းထဲ၌ သယ်ယူသွားရန် လွယ်ကူသော တီဗီသေးသေး တစ်လုံး ရှိသည်။ *He still writes his novels on an old portable typewriter.* သူသည် ယခုတိုင် သူ၏ဝတ္ထုရှည်များကို သယ်ဆောင်သွားရတာ လွယ်ကူသော (ဝါ) ခရီးဆောင်လက်နှိပ်စက်ဟောင်းဖြင့် ရိုက်နှိပ်သည်။

## CATCH

### ဖမ်းသည်

➥ look here for . . . . .

**- catch a ball**
**- catch someone after chasing them**
**- see someone doing something wrong**
**- catch an animal**

catch "ဖမ်းသည်" ဆိုရာ၌ ညွှန်းဆိုချက် ကွဲပြားမှု ရှိနေကြသော (၁) ဘောလုံးဖမ်းသည်။ (၂) တစ်စုံတစ်ယောက်ကို သူ၏နောက်မှ လိုက်၍ဖမ်းသည်။ (၃) တစ်ဦးတစ်ယောက် "အမှား" တစ်ခုပြုနေသည်ကိုမိသည်။ (၄) တိရစ္ဆာန် တစ်ကောင်ဖမ်းဆီးရမိသည်...

**1** to catch a ball or other moving object

ဘောလုံး(သို့မဟုတ်) အခြားရွေ့လျားနေသော အရာဝတ္ထုတစ်ခုကို ဖမ်းရန်

(throw နှင့် sport လည်းရှု)

**catch** [*v* T] to get hold of a ball or other object that is moving through the air : လေထဲမှ ဖြတ်သန်းရွေ့လျားနေသော ဘောလုံး (သို့မဟုတ်) အခြားအရာဝတ္ထုတစ်ခုကို ရမိအောင်



mgyoe.com

mgyoe.com

ဖမ်းသည်။ *I caught the ball with my left hand and threw it back to the pitcher.* ကျွန်ုပ်သည် ဘောလုံးကို ဝဲဘက်လက်ဖြင့် ဖမ်းခဲ့၍ ဘော့စ်ဘောပစ်ပေးသူထံသို့ ပြန်လည် ပစ်ပေးခဲ့သည်။

**catch !** SPOKEN (say this when you throw something to someone) တစ်ယောက်ယောက်ထံသို့ တစ်ခုခုလှမ်း ပစ်ပေးလိုက်သောအခါမှာ ဒီလိုပြောပါ။ *Here's your lighter - catch!.* ဟောဒီမှာ မင်းရဲ့ဓာတ်မီးခြစ်၊ ဖမ်း

**catch - catching - caught - caught**

**2** to catch someone who is trying to escape
လွတ်မြောက်ရန် ကြိုးစားနေသူတစ်ဦးကို ဖမ်းဆီးရန်
( run, follow, escape, prison လည်းရှု )

**catch** [*v* T] to stop someone from escaping by running after them and holding them : တစ်စုံတစ်ယောက်၏ နောက်မှ ပြေးလွှားလိုက်ကာ ဖမ်းကိုင်ထိန်းချုပ်လိုက်ခြင်းဖြင့် သူ့ကို လွတ်မြောက်သွားခြင်းမရှိအောင် ဟန့်တားသည်။ ပြေးလွှားလိုက်လံဖမ်းဆီးသည်။ *The bigger boys ran while the little boys tried to catch them.* ငယ်ရွယ်သောလူကလေးများက ဖမ်းရန် ကြိုးစားခဲ့ကြစဉ် ပိုမိုကြီးသော လူကလေးများ ပြေးခဲ့ကြသည်။ *If the robbers catch you, they will kill you.* ဓားပြတွေက သင့်ကိုမိလျှင် (သူတို့က သင့်ကို) သတ်ကြလိမ့်မည်။

**capture** [*v* T] to catch an enemy, after defeating them in a war or battle : ရန်သူကို စစ်ကြီး (သို့မဟုတ်) တိုက်ပွဲတစ်ခုတွင် နှိမ်နင်းအနိုင်ယူပြီး ဖမ်းဆီးသည်။ *The rebel leader was captured and publicly executed.* သူပုန်ခေါင်းဆောင်သည် ဖမ်းဆီးခြင်းခံရပြီး အများပြည်သူရှေ့မှောက်တွင် ကွပ်မျက်ခံခဲ့ရ၏။ *They captured twenty enemy soldiers.* သူတို့သည် ရန်သူစစ်သားနှစ်ဆယ်ကို ဖမ်းဆီးရမိခဲ့သည်။



mgyoe.com

mgyoe.com

**take sb prisoner** to catch someone, especially in a war, and keep them as a prisoner : တစ်ဦးတစ်ယောက်ကို အထူးသဖြင့် စစ်ကြီးအတွင်း၌ ဖမ်းဆီးရမိကာ စစ်အကျဉ်းသား သုံ့ပန်းအဖြစ် ထိန်းသိမ်းထားရှိသည်။ *6000 enemy soldiers were killed, and 4000 more were taken prisoner.* ရန်သူစစ်သား ၆၀၀၀ ကျဆုံးခဲ့ကြ၍ နောက်ထပ် ၄၀၀၀ စစ်အကျဉ်းသားအဖြစ် ဖမ်းဆီးခံခဲ့ရသည်။

**3** when the police catch a criminal
ရဲများက ရာဇဝတ်သားတစ်ယောက်ကို ဖမ်းဆီးရမိသောအခါ
( police နှင့် tell 5 တို့လည်းရှု )

**catch** [*v* T] if the police **catch** someone who has done something illegal, they find that person and stop them from escaping : ရဲတို့သည် တရားဥပဒေနှင့် ဆန့်ကျင်သည့် တစ်စုံတစ်ခုအား ကျူးလွန်ထားသော လူတစ်ယောက်ကို ~ လုပ်လိုက်သည်ဆိုလျှင် သူတို့က သူ့ကိုရှာဖွေတွေ့ရှိ၍ လွတ်မြောက်ထွက်ပြေးခြင်း မပြုနိုင်အောင် ဟန့်တားထိန်းသိမ်းလိုက်သည်ဟု ဆိုလိုသည်။ ဖမ်းဆီးထိန်းသိမ်းလိုက်သည်။ *Police have so far failed to catch the murderer.* ရဲတို့သည် ယခုအချိန်အထိ လူသတ်သမားကို ဖမ်းဆီးနိုင်စွမ်းမရှိသေးပါ။ (ဝါ) . . . . . ဖမ်းဆီးရန် ပျက်ကွက်ခဲ့သည်။ *The thieves were never caught.* သူခိုးများကို မဖမ်းမိခဲ့ပေ။

**arrest** [*v* T ] if the police **arrest** someone, they take them to a police station because they believe that person has done something illegal : ရဲများက တစ်စုံတစ်ယောက်ကို ~ လုပ်လျှင် ထိုသူသည် တရားဥပဒေနှင့် ဆန့်ကျင်သော တစ်ခုခုကို ကျူးလွန်ထားပြီဟု သူတို့က ယုံကြည်သောကြောင့် ရဲစခန်းသို့ သူ့ကို ဖမ်းဆီးခေါ်ဆောင်သွားသည်ဟု ဆိုလိုသည်။ *Police arrested nine men in a drugs raid.* မူးယစ်ဆေး



mgyoe.com

mgyoe.com
ရှာဖွေစီးနင်းပွဲတစ်ရပ်၌ လူကိုးယောက်ကို ရဲတို့က ဖမ်းဆီးခဲ့သည်။

**arrest sb for sth** တစ်စုံတစ်ယောက်ကို တစ်စုံတစ်ခုအတွက် ဖမ်းဆီးသည်။ *Wayne was arrested for dangerous driving.* ဝိန်းကို အန္တရာယ်ဖြစ်ပေါ်နိုင်လောက်သော ကားမောင်းနှင်မှုအတွက် ဖမ်းဆီးခဲ့၏။

**arrest** [ *n* C/U ] when someone is arrested by the police : တစ်စုံတစ်ယောက်သည် ရဲများ၏ ဖမ်းဆီးခြင်းခံရသောအခါ။ ရဲများ၏ ဖမ်းဆီးခြင်း။ *His confessions led to the arrest of several well-known gangsters.* သူ၏ ဝန်ခံဖြောင့်ဆိုချက်က နာမည်ကြီး လူဆိုးဂိုဏ်းအဖွဲ့ဝင်အချို့အား ဖမ်းဆီးရမိမှုသို့ ပို့ညွှန်ပေးခဲ့၏။

**make an arrest** = (arrest someone) တစ်စုံတစ်ယောက်ကို ဖမ်းဆီးသည်။ ဖမ်းဆီးမှုတစ်ရပ်ကို ပြုလုပ်သည်။ *Police made a number of arrests, after a fight in the city bar.* ရဲတို့သည် မြို့ပြအရက်ဆိုင်အတွင်း၌ ခိုက်ရန်ဖြစ်ပွားမှုအပြီးတွင် ဖမ်းဆီးမှု အများအပြားပြုလုပ်ခဲ့သည်။

**get** [*v* T] INFORMAL to find the person who has done something illegal, and punish them : တရားဥပဒေမဲ့ ကိစ္စတစ်ရပ်အား ကျူးလွန်ထားသော လူတစ်ယောက်ကို တွေ့ရှိအောင် ရှာဖွေဖမ်းဆီး၍ အပြစ်ပေးသည်။ *They never actually got the man who did it.* ထိုပြစ်မှုကျူးလွန်ခဲ့သောလူကို သူတို့ အတိအကျမရမိခဲ့ပေ။ *Did the police get the people who stole your car?* မင်း၏ ကားခိုးယူခဲ့သော လူများကို ရဲတို့ရှာဖွေဖမ်းမိခဲ့သလား။

**4** to catch someone while they are doing something wrong

တစ်ဦးတစ်ယောက်ကို တစ်စုံတစ်ခုသော ပြစ်မှုကျူးလွန်နေစဉ် ဖမ်းဆီးရန်


mgyoe.com

mgyoe.com

**catch** [*v* T ] to find or see someone while they are doing something wrong : တစ်စုံတစ်ခုသော ပြစ်မှုကျူးလွန်နေစဉ် လူတစ်ယောက်ကို တွေ့ရှိသည် (သို့မဟုတ်) တွေ့မြင်သည်။ ''မိ''သည်။

**catch sb doing sth** တစ်စုံတစ်ယောက်ကို တစ်စုံတစ်ခုပြုလုပ်နေစဉ် တွေ့မြင်မိသည်။ *Monica caught her son stealing money from her purse.* မော်နီကာသည် သူမ၏သား သူမ၏ပိုက်ဆံအိတ်မှ ပိုက်ဆံခိုးနေစဉ် တွေ့မြင် (မိ)ခဲ့၏။

**get caught** ဖမ်းမိသည်။ *Be careful you don't get caught!* မဖမ်းမိအောင် သတိထားပော့။

**be/get caught doing sth** တစ်စုံတစ်ခုပြုလုပ်နေစဉ် ဖမ်းမိသည်။ *Paul was caught cheating in a test.* အစမ်းစာမေးပွဲ၌ ခိုးချနေစဉ် ပေါလ်ကို ဖမ်းမိခဲ့သည်။

**catch sb red-handed** (= while they are in the process of doing something wrong, especially stealing) တစ်စုံတစ်ခုသော မမှန်မကန်သည့် လုပ်ရပ်ကို ပြုလုပ်နေစဉ် လက်ပူးလက်ကြပ်ဖမ်းမိသည်။ အထူးသဖြင့် ခိုးနေစဉ်ဖြစ်သည်။ *"Are you sure Gavin took it?"* ''ထိုဟာကို ဂေဗင်ယူခဲ့တာ မင်းသေချာရဲ့လား'' *" I caught him red-handed! "* ''ငါ သူ့ကို လက်ပူးလက်ကြပ်မိခဲ့တာကွ''

**5** to catch an animal
တိရစ္ဆာန်တစ်ကောင်ကိုဖမ်းရန်

**catch** [*v* T ] to get an animal, for example by using a net or trap, and stop it from escaping : ဥပမာ–ပိုက်ကွန် သို့မဟုတ် ထောက်ချောက်ကို အသုံးပြုခြင်းအားဖြင့် တိရစ္ဆာန်တစ်ကောင်ကို ထွက်ပြေးလွတ်မြောက်မသွားအောင် ဟန့်တားကာ ဖမ်းဆီးသည်။ *Did you catch any fish?* သင်သည် ငါးအချို့ကို


mgyoe.com

mgyoe.com
ဖမ်းမိခဲ့သလား။ *a trap to catch mice* ကြွက်များကို ဖမ်းရန် ထောက်ချောက်တစ်ခု

**trap** [*v* T ] to catch an animal or bird using special equipment that will hold them so that they cannot escape : လွတ်မြောက်ထွက်ပြေးမသွားနိုင်အောင် အထူးပြုလုပ်ထားသော ပစ္စည်းတစ်ခုကိုအသုံးပြု၍ တိရစ္ဆာန် သို့မဟုတ် ငှက်တစ်ကောင်ကို ဖမ်းဆီးသည်။ *Some of the birds had been shot, others trapped.* ငှက်အချို့ကို ပစ်ခတ်ရယူခဲ့၍ အခြားငှက်များကို ထောက်ချောက်ဖြင့် ထောင်ယူခဲ့၏။

**trap - trapping - trapped - trapped**

**trap** [ *n* T ] a piece of equipment used to trap animals and birds : တိရစ္ဆာန်များနှင့် ငှက်များကိုဖမ်းဆီးရန် အသုံးပြုသော ပစ္စည်းကိရိယာတစ်ခု "ထောင်ချောက်"။ *The wolf had been caught in the trap.* ဝံပုလွေကို ထောင်ချောက်၌ မိထားပြီးခဲ့ပြီ။

## CAUSE

## ဖြစ်စေသည်

➥ see also **REASON** လည်းရှု

**cause** [*v* T ] to make something happen, specially something bad : အထူးသဖြင့် မကောင်းတာတစ်ခုခုကို ဖြစ်စေသည်။ *Smoking causes cancer.* ဆေးလိပ်သောက်ခြင်းသည် ကင်ဆာရောဂါကို ဖြစ်စေသည်။ *The fire caused $ 30,000 worth of damage!* မီးလောင်မှုက ဒေါ်လာ ၃၀,၀၀၀ တန်ဖိုးရှိသော ဆုံးရှုံးမှုကို ဖြစ်စေခဲ့သည်။ *A lot of traffie accidents are caused by carelessness.* များစွာသော ယာဉ်တိုက်မှုများသည် ပေါ့ဆမှုကြောင့် ဖြစ်ပေါ်ခဲ့ကြ၏။


mgyoe.com

mgyee.com

**cause sb embarrassment / anxiety / pain** (= make someone feel embarrassed, anxious etc) တစ်စုံတစ်ယောက်ကို စိတ်အိုက်၊ အနှောင့်အယှက်ဖြစ်စေသည်၊ စိုးရိမ်ကြောင့်ကြ စသည်ဖြင့် ဖြစ်စေသည်။ *Robert's behaviour is causing his family a lot of anxiety.* ရောဘတ်၏ အပြုအမူက သူ၏မိသားစုကို စိုးရိမ်ကြောင့်ကြမှု အကြီးအကျယ် ဖြစ်နေစေသည်။

**cause sth to do sth** FORMAL တစ်ခုသောဖြစ်ရပ်က အခြားကိစ္စတစ်ရပ်ကို အခြေအနေတစ်မျိုးပြောင်းသွားစေသည်။ *Inflation has caused fuel prices to rise sharply in recent months.* ငွေကြေးဖောင်းပွမှုက လောင်စာဆီဈေးနှုန်းများကို ပြီးခဲ့သည့်လအနည်းငယ်အကြာက မြင့်မြင့်မားမား ထိုးတက်သွားစေသည်။

⚠ The usual verb for saying that one thing makes another thing happen is **make**, not **cause** : အရာတစ်ခုက အခြားသောအရာတစ်ခုကို ပြုလုပ်စေသည်ဟု ဖော်ပြရာတွင် သုံးရိုးသုံးစဉ် ကြိယာသည် **cause** (ဖြစ်စေသည်) မဟုတ်ဘဲ **make** (ပြုလုပ်သည်) သာ ဖြစ်သည်။ *The smoke made my eyes sore.* မီးခိုးတွေက ငါ့မျက်စိတွေကို နာကျင်ကျိန်းစပ်အောင် ပြုလုပ်ခဲ့တယ်။

⚠ **Cause,** followed by an infinitive, is used mostly in formal or technical writing : **cause** ၏ နောက်က 'ရန်ကြိယာ' လိုက်ပါ၍ စည်းကမ်းစနစ်အတိုင်း ရေးသားသုံးနှုန်းမှု သို့မဟုတ် ဘာသာရပ်ဆိုင်ရာ အရေးအသားများမှာ အများအားဖြင့် သုံးနှုန်းသည်။ *This reaction causes the temperature to rise.* ဤတုံ့ပြန်မှုက အပူချိန်ကို မြင့်တက်လာစေသည်။


mgyee.com

mgyoe.com

⚠ Don't say "causes that something happens". Say **cause something to happen.** တစ်စုံတစ်ခုကို ဖြစ်စေသည်ဟု ပြောလို ရေးလိုသောအခါမှာ ပထမနည်းမဟုတ်၊ ဒုတိယနည်းဖြစ်ကြောင်း ပုံသေကျက်ထားပါ။

**make** [ *v* T ] to make someone do something or make something happen : တစ်စုံတစ်ယောက်ကို တစ်စုံတစ်ခု ပြုလုပ်စေသည်။ သို့မဟုတ် တစ်စုံတစ်ခုကို ဖြစ်ပျက်စေသည်။

**make sb/ sth do sth** တစ်စုံတစ်ယောက် သို့မဟုတ် တစ်စုံတစ်ခုကို တစ်ခုခုလုပ်စေသည်။ *Sarah's really funny - she always makes me laugh.* ဆာရာက တကယ်ပဲ ရယ်စရာကောင်းတယ်။ ငါ့ကို သူမက အမြဲရယ်ရအောင်လုပ်တယ်။ *Petra's new hairstyle makes her look a lot younger.* ပက်ထရာရဲ့ ဆံပင်ပုံသစ်က သူမကို အရမ်းပိုငယ်သွားအောင် လုပ်ပေးတယ်။

**make sb angry / happy / nervous etc** တစ်စုံတစ်ယောက်ကို စိတ်ဆိုး၊ ပျော်ရွှင်၊ ထိတ်လန့်တုန်လှုပ်အောင် ပြုလုပ်သည်။ *Stop staring at me - you're making me nervous!* ငါ့ကို အဲဒီလိုမျိုး စိုက်မကြည့်နဲ့။ ငါ လန့်တယ်။

**make sb better / worse / easier etc** တစ်ယောက်ယောက်ကို ပိုမိုကောင်း၊ ဆိုး၊ စိတ်သက်သာရာရအောင် စသည်ဖြင့် ပြုလုပ်သည်။ *Senator Rawson's recent remarks seem to have made the situation worse.* အထက်လွှတ်တော်အမတ် ရောဆင်၏ မကြာမီက မှတ်ချက်စကားသည် အခြေအနေကို ပိုမိုဆိုးရွားသွားစေပုံပေါ်သည်။

**make it easy / difficult / impossible etc for sb to do sth** တစ်ဦးတစ်ယောက်အတွက် တစ်ခုခုကို လုပ်ဆောင်ရန် လွယ်ကူ ခက်ခဲ၊ မဖြစ်နိုင် စသည်ဖြင့် ဖြစ်သွားစေသည်။ *The new*


mgyoe.com

mgyoe.com

*rail service should make it easier for commuters to get to work.* မီးရထားလမ်းသစ်၏ ဝန်ဆောင်မှုက ပုံမှန်ခရီးသွားလာကြသူများကို အလုပ်သို့ ပိုမိုလွယ်ကူစွာ ရောက်ရှိအောင် လုပ်ဆောင်ပေးသင့်သည်။

**make - making - made - made**

⚠ Don't say "she made me to do it". Say **she made me do it.**

လိုရင်းမှာ – ပထမနည်းမှာလို **to** ထည့်မပြောနှင့်။ ဒုတိယနည်းပြော။

**be responsible for sth** if a person or something that they do, is **responsible for** an accident, problem, mistake etc, it is their fault that it happens : လူတစ်ဦးတစ်ယောက် သို့မဟုတ် တစ်စုံတစ်ခုက ပြုလုပ်လိုက်သော လုပ်ရပ်ဖြစ်ရပ်အပေါ်တွင် မတော်တဆ ထိခိုက်မှု၊ ပြဿနာ၊ အမှားတစ်ခု စသည်အတွက် တာဝန်ရှိသည် ဆိုသည်မှာ ယင်းသို့ဖြစ်ခြင်းသည် ထိုသူ သို့မဟုတ် ထိုအရာ၏ အပြစ်ဖြစ်သည်။ တစ်စုံတစ်ခုအတွက် တာဝန်ရှိသည်။ *I felt partly responsible for the fact that her boyfriend left her.* သူမရဲ့ ယောကျ်ားလေး သူငယ်ချင်းက သူမကို စွန့်ခွာသွားတဲ့အချက်အတွက် ငါ့မှာ တစ်စိတ်တစ်ပိုင်း တာဝန်ရှိတယ်ဆိုတာ ငါ ခံစားမိခဲ့ပါတယ်။ *Who is responsible for all this mess ?* ဒီ ညစ်တီးညစ်ပတ် စနစ်မကျကိစ္စတစ်ခုလုံးအတွက် ဘယ်သူ့မှာ တာဝန်ရှိသလဲ။

⚠ Don't use "of " with **responsible.**

*of* ကို *responsible* နဲ့ တွဲမသုံးနှင့်။

**bring about sth** [*phrasal verb* T ] to make something happen, especially a change or an improved


mgyoe.com

mgyoe.com

situation : အထူးသဖြင့် ပြောင်းလဲမှုတစ်ရပ် သို့မဟုတ် တိုးတက်ကောင်းမွန်သော အခြေအနေတစ်ရပ်ဖြစ်ပေါ်လာအောင် တစ်စုံတစ်ခုကို ပြုလုပ်သည်။ *The war brought about huge social and political changes.* စစ်ကြီးက ရောမလူ့မှုရေး၊ နိုင်ငံရေး ပြောင်းလဲမှုများကို ဖြစ်ထွန်းလာစေခဲ့၏။ *improvements in public health that have been brought about by advances in medical science* ဆေးသိပ္ပံပညာ မြင့်မားလာမှုက ဖြစ်ပေါ်လာစေသော အများပြည်သူကျန်းမာရေး တိုးတက်ကောင်းမွန်လာခြင်းများ။

**result in sth** [*phrasal verb* T] if an action or event **results in** something, it makes something happen : လုပ်ဆောင်ချက် သို့မဟုတ် အဖြစ်အပျက်တစ်ရပ်က တစ်စုံတစ်ခုကို ~ဖြစ်သည်ဆိုသည်မှာ တစ်ခုခုကိုဖြစ်ပေါ်လာစေသည်ဟု ဆိုလိုခြင်းဖြစ်သည်။ အကျိုးသက်ရောက်ဖြစ်ပေါ်လာစေသည်။ *a train crash that resulted in the deaths of all 52 passengers* ခရီးသည် ၅၂ ယောက် အားလုံး အသက်ဆုံးရှုံးမှုကို အကျိုးဆက်ဖြစ်ပေါ်စေခဲ့သော မီးရထားတစ်စင်းမှောက်မှု။ *All these changes in the rules have resulted in great confusion.* ဥပဒေစည်းကမ်းများ၌ ဤအားလုံးသော ပြောင်းလဲမှုများက ကြီးမားသော ရှုပ်ထွေးမှုကို အကျိုးသက်ရောက် ဖြစ်ပေါ်စေ၏။

**lead to sth** [*phrasal verb* T] if an action or event **leads to** something, it starts a process which finally makes something happen : လုပ်ဆောင်ချက် သို့မဟုတ် အဖြစ်အပျက်တစ်ရပ်က တစ်စုံတစ်ခုဆီသို့ ပို့ဆောင်သည်ဆိုသည်မှာ ယင်းက ဖြစ်စဉ်တစ်ခုစတင်စေပြီး နောက်ဆုံးတွင် ဖြစ်ရပ်တစ်ခုကို ဖြစ်ပေါ်ပေါက်ဖွား လာစေသည်ဟု ဆိုလိုသည်။ *Their research eventually led to the development of nuclear power.*



mgyoe.com

mgyee.com

သူတို့၏ သုတေသနပြုမှုက ချုကလီးယားစွမ်းရည်တိုးတက်ဖွံ့ဖြိုးခြင်းသို့ နောက်ဆုံး၌ ပို့ဆောင်ပေးခဲ့၏။ *The bank has offered a reward for any information leading to the arrest of the robbers.* ဓားပြများအား ဖမ်းဆီးရမိသည့်အထိ ဖြစ်စေနိုင်သော မည်သည့်သတင်းပေးချက်ကိုမဆို ဆုငွေပေးမည်ဟု ဘဏ်တိုက်က ထုတ်ပြန်ထားသည်။

**trigger off sth** [*phrasal verb* T] if a small action or event **tirgger off something** more serious, it makes it happen very quickly : သေးငယ်သော လုပ်ဆောင်ချက်သို့မဟုတ် အဖြစ်အပျက်တစ်ရပ်က ပိုမိုအရေးကြီးသော ကိစ္စတစ်ရပ်ကို ~လုပ်လိုက်သည်ဆိုသည်မှာ ကြီးမားသည့်ကိစ္စကို အလွန်လျင်မြန်စွာ ဖြစ်ပေါ်လာစေသည်ဟု ဆိုလိုသည်။ ယမ်းပုံမီးကျဖြစ်စေသည်။ ကျည်ဆန်ထိုးပြီးသား သေနတ်ကို မောင်းဖြုတ်လိုက်သည့်ပမာ ပြုမူသည်။ *the events that triggered off World War I* ပထမကမ္ဘာစစ်ကြီးကို ရုတ်ခြည်းဖြစ်ပွားအောင် လှုံ့ဆော်ဖန်တီးပေးခဲ့သော အဖြစ်အပျက်များ

## 2 the thing that makes something else happen

အခြားသော အကျိုးသက်ရောက်မှုတစ်ခုကို ဖြစ်ပေါ်လာစေသော အကြောင်းတစ်ရပ်

**cause** [*n* C] the thing that makes something else happen, especially something bad : အခြားသော အကျိုးသက်ရောက်မှုတစ်ခုကို ဖြစ်ပေါ်လာစေသော အကြောင်းတစ်ရပ်။ အထူးသဖြင့် အဆိုးဖြစ်ရပ်။ *The increase in violent crime has several causes.* ပြင်းထန်သော ရာဇဝတ်မှုကြီးများ တိုးတက်ဖြစ်ပေါ်လာမှု၌ အကြောင်းတရားများစွာရှိသည်။

mgyee.com

mgyoe.com

**+ of +** ၏ *They still haven't found out the cause of the fire.* သူတို့သည် မီးလောင်မှု၏အကြောင်းတရား (မီးဘာကြောင့် လောင်ရကြောင်း)ကို ယခုထက်တိုင် မတွေ့ရှိသေးပေ။

**root cause** (=the true, basic cause, even if there are other causes that are easier to notice) ပိုမိုအလွယ်တကူ တွေ့မြင်နိုင်သော အခြားအရံ အကြောင်းတရား မဟုတ်ဘဲ စစ်မှန်၍ အခြေခံကျသော အဓိကအကြောင်းတရား၊ အရင်းအမြစ်ကျသော အကြောင်းတရား။ *The root cause of Britain's economic problems is lack of investment.* ဗြိတိန်နိုင်ငံ စီးပွားရေး ပြဿနာများ၏ အရင်းအမြစ်အကြောင်းတရားသည် ရင်းနှီးမြှုပ်နှံမှု လိုအပ်ခြင်း ဖြစ်၏။

> ⚠ Don't say " the cause for something". Say **the cause of something.**

လိုရင်းမှာ - **for** နဲ့ မပြောနှင့်။ **of** သုံးပါ။

**factor** [*n* C] one of several resons that explain why something, happen or why a situation exists : တစ်စုံတစ်ခု ဘာကြောင့်ဖြစ်ပျက်သည်။ သို့မဟုတ် အခြေအနေတစ်ရပ် ဘာကြောင့်ဖြစ်ပေါ်လာရသည်ဆိုသည်ကို ရှင်းလင်းဖော်ပြသော အကြောင်းပြချက်အချို့ထဲမှ တစ်ခု။ *The rise in crime is mainly due to factors such as unemployment.* ရာဇဝတ်ပြစ်မှုတိုးတက်မြင့်မားလာခြင်းသည် အလုပ်လက်မဲ့ဖြစ်မှုကဲ့သို့သော အကြောင်းပြချက်များကြောင့် အဓိကဖြစ်သည်။

**+ in +** မှာ *Wright's skill and experience has been an important factor in the team's success.* ရိုက်၏ ကျွမ်းကျင်မှုနှင့် အတွေ့အကြုံသည် အားကစားအသင်း၏ အောင်မြင်မှုမှာ အရေးပါသော အကြောင်းအချက်တစ်ရပ်ဖြစ်၏။


mgyoe.com

mgyoe.com

## CHANCE

### အခွင့်အရေး

**1** when you have the chance to do something
တစ်စုံတစ်ခုကို ပြုလုပ်ရန် သင့်မှာ အခွင့်အရေးရှိသောအခါ

**chance** [*n* C] a situation in which it is possible for you to do something enjoyable or exciting, or something that you what to do : ပျော်ရွှင်စရာကောင်းသော သို့မဟုတ် စိတ်လှုပ်ရှားစရာကောင်းသော တစ်ခုခုကိုဖြစ်စေ၊ သင်လုပ်ချင်သော တစ်စုံတစ်ခုကိုဖြစ်စေ သင့်အား လုပ်ကိုင်နိုင်စေသည့် အခြေအနေတစ်ရပ်၊ အခွင့်အရေးတစ်ရပ်။

**get the chance to do sth** တစ်ခုခုကို ပြုလုပ်ရန် အခွင့်အရေးရသည်။ *I never got the chance to thank him for all his help.* သူ၏ အကူအညီအားလုံးအတွက် သူ့ကို ကျေးဇူးတင်ကြောင်းပြောရန် ကျွန်ုပ်အခွင့်အရေးမရခဲ့ပေ။ *It's a beautiful building- you should go and see it if you have the chance.* ထိုဟာသည် လှပသော အဆောက်အအုံတစ်ခုဖြစ်သည်။ သင်အခွင့်အရေးရလျှင် သွားရောက်ကြည့်ရှုသင့်သည်။

**give sb the chance to do sth** တစ်ယောက်ယောက်ကို တစ်စုံတစ်ခု လုပ်ဆောင်ရန် အခွင့်အရေးပေးသည်။ *I wish he would give me the chance to explain.* သူက ငါ့ကို ရှင်းပြဖို့ အခွင့်အရေးပေးစေချင်စမ်းပါဘိ။

**a second chance** (= another chance after you have failed the first time) ပထမအကြိမ် အခွင့်အရေးတုန်းက သင်အရေးနိမ့်ခဲ့ပြီးနောက် ထပ်မံရသော အခွင့်အရေး။ ဒုတိယ အခွင့်အရေး။ *Viewers will have a second chance to see*


mgyoe.com

mgyoe.com

*Saturday's concert on Channel 4 tonight.* ကြည့်ရှုသူများသည် စနေနေ့က ကပွဲကို လိုင်းအမှတ် ၄ မှ ကြည့်ရှုရန် ဤညဥ့် ဒုတိယအကြိမ် အခွင့်အရေး ရကြလိမ့်မည်။

**take the chance to do sth** (=use a chance when you have it) အခြေအနေပေးသောအခါ အခွင့်အရေးတစ်ရပ်ကို ရယူအသုံးချသည်။ တစ်ခုခုကို လုပ်ဆောင်ရန် အခွင့်အရေးကို ရယူသည်။ *You should take the chance to travel while you're young.* သင်ငယ်ရွယ်စဉ် ခရီးသွားရန် အခွင့်အရေးကို ရယူသင့်သည်။

**sb's last chance** (= when you will not have another chance) တစ်ခုခုကို ပြုလုပ်ရန် သင် နောက်ထပ်အခွင့်အရေးမရရှိနိုင်တော့သောအခါ။ တစ်စုံတစ်ယောက်၏ နောက်ဆုံးအခွင့်အရေး။ *It was her last chance to see him before she left town.* သူမ မြို့ကမထွက်ခွာမီ ယင်းသည် သူ့ကို တွေ့မြင်ရန် နောက်ဆုံးအခွင့်အရေးဖြစ်ခဲ့သည်။

**miss a chance** (= not use it when you have a chance) အခွင့်အရေးတစ်ရပ်ရရှိချိန်မှာ အသုံးမချနိုင်ဖြစ်သည်။ အခွင့်အရေးကို လက်လွှတ်ဆုံးရှုံးသည်။ *Diane never misses the chance of a free meal.* ဒိုင်ယင်သည် အလကားစားရသည့် စားသောက်ပွဲတစ်ရပ်တည်းဟူသော အခွင့်အရေးကို ဘယ်တော့မှ လက်လွှတ်မခံပါချေ။

**jump at the chance (of doing sth)** (=eagerly when you get the chance to do something exciting) စိတ်လှုပ်ရှားစရာကောင်းသော လုပ်ရပ်တစ်ခုကို လုပ်ဆောင်ခွင့်ရသောအခါ စိတ်အားထက်သန်စွာ အမြန်ရယူသည်။ *You're so lucky. I'd jump at the chance of going to Hollywood.* မင်း သိပ်ကံကောင်းတာပဲ။ ဟိုးလီးဝုဒ်သွားရတဲ့ အခွင့်အရေးကို ငါတော့ မလွှတ်တမ်း ခုန်ဖမ်းယူမှာပေါ့။


mgyoe.com

mgyoe.com

**opportunity** [*n* C] a chance to do something, especially something that is important or useful to you, or something that you want to do very much : အထူးသဖြင့် သင့်အတွက် အလွန်အရေးပါ၍ အသုံးဝင်သော၊ သို့မဟုတ် သင်အလွန်ရယူလုပ်ဆောင်လိုသော တစ်စုံတစ်ခုကို ပြုမူရန် အခွင့်အရေးတစ်ရပ်။

**have an opportunity to do sth** တစ်စုံတစ်ခုကို ပြုလုပ်ရန် အခွင့်အရေးရသည်။ *I've always wanted to visit Scotland, but I never had the opportunity till now.* ကျွန်ုပ်သည် စကော့တလန်ပြည်သို့ သွားလည်ရန် အမြဲတမ်းဆန္ဒရှိခဲ့သည်။ သို့သော် အခုအထိ အခွင့်အရေး မရခဲ့သေးပါ။ *He never had the opportunity to go to University when he was younger.* သူသည် ပိုမိုငယ်စဉ်အခါက တက္ကသိုလ်တက်ရောက်ပညာသင်ယူရန် အခွင့်အရေးမရခဲ့ပေ။

**opportunity for sb (to do sth)** တစ်စုံတစ်ယောက်အတွက် တစ်စုံတစ်ခုပြုလုပ်ရန် အခွင့်အရေး။ *Companies should provide more opportunities for women to go into senior management.* ကုမ္ပဏီများသည် အဆင့်မြင့်စီမံခန့်ခွဲအုပ်ချုပ်ရေး၌ ပါဝင်လာနိုင်စေရန် အမျိုးသမီးများအတွက် အခွင့်အရေးများ ပိုမိုဖန်တီးပေးသင့်သည်။

**miss an opportunity (to do sth)** not use an opportunity when you have one : အခွင့်အရေးတစ်ရပ် ရရှိချိန်၌ အသုံးမချနိုင်ဘဲ လက်လွတ်သွားသည်။

**career/job opportunities** (=chances to find a job) အသက်မွေးဝမ်းကျောင်း အလုပ်တစ်ခုရရှိရန် အခွင့်အရေးများ။ *There are fewer and fewer career opportunities for young people.* ငယ်ရွယ်သူများအတွက် အသက်မွေးဝမ်းကျောင်း အလုပ်အကိုင် ရရှိရေး၊ အခွင့်အရေးများ နည်းသည်ထက်နည်းပါးလာ၏။



mgyoe.com

mgyoe.com

**2** when something happens for no reason or without being planned
ကိစ္စတစ်ရပ်သည် အကြောင်းတရားမဲ့ သို့မဟုတ် ကြိုတင်စီစဉ်ထားခြင်း မရှိဘဲ ဖြစ်ပေါ်လာသောအခါ

**by chance** if something happens **by chance,** it is not deliberate or planned and you did not expect it to happen : တစ်စုံတစ်ခုသည် ~ ဖြစ်ပျက်လာသည်ဆိုသည်မှာ တမင်တကာ သို့မဟုတ် ကြိုတင်စီစဉ်ထားတာမဟုတ်သည့်အပြင် ထိုသို့ဖြစ်လာမည်ဟုလည်း သင်မျှော်လင့်မထားပေ။ မမျှော်လင့်ဘဲ၊ အမှတ်မထင်၊ ကံအားလျော်စွာ။ *I met an old friend by chance on the train.* ကျွန်ုပ်သည် သူငယ်ချင်းဟောင်းတစ်ယောက်ကို မမျှော်လင့်ဘဲ မီးရထားပေါ်တွင် တွေ့ဆုံခဲ့သည်။

**quite/ purely/entirely by chance** (=completely by chance) လုံးဝ မမျှော်လင့်ဘဲ၊ အပြည့်အဝကံအားလျော်စွာ။ *Quite by chance, a TV crew was filming in the area when the accident happened.* ယင်းနေရာ၌ မတော်တဆ ယာဉ်တိုက်မှုဖြစ်ပေါ်ခဲ့သောအချိန်မှာ တီဗွီအဖွဲ့တစ်ဖွဲ့ လုံးဝဥဿုံ မမျှော်လင့်ဘဲနှင့် ရုပ်သံရိုက်ကူးနေခဲ့လေသည်။

**coincidence** [*n* C/U] a surprising situation, when two similar things happen at the same time, or two or more people do the same thing, but no-one planned or intended this to happen : အံ့ဩစရာကောင်းသော အခြေအနေတစ်ရပ်။ တစ်ပြိုင်နက်တည်း အလားတူ ဖြစ်စဉ်နှစ်ရပ် ဖြစ်ပေါ်သည်။ သို့မဟုတ် နှစ်ယောက် သို့မဟုတ် ပိုမိုများသောလူများ ဆက်နွယ်ဖွယ်ရှိသောကိစ္စကို ပြုလုပ်သည်။ သို့သော် မည်သူတစ်ယောက်မျှ ကြိုတင်စီစဉ်မထား။ ကြိုတင်ကြံရွယ်မထား။ တိုက်ဆိုင်မှု သက်သက်မျှသာဖြစ်ခြင်း။ . ထန်းသီးကြွေခိုက် – ကျီးနင်းခိုက်။



mgyoe.com

mgyoe.com

**what a coincidence!** SPOKEN အံ့ဘနန်း တိုက်ဆိုင်မှု တစ်ရပ်ပဲ။ *What a coincidence! I didn't know you were going to be in Geneva too.* ဘယ်လောက်များ တိုက်ဆိုင်မှုတစ်ရပ်လဲ။ ခင်ဗျားလည်းပဲ ဂျီနီဗာမှာရှိနေလိမ့်မယ်ဆိုတာ ကျွန်တော်မသိခဲ့ဘူး။

**by coincidence** တိုက်တိုက်ဆိုင်ဆိုင်။ *By coincidence, Jill was wearing the some dress as me.* တိုက်တိုက်ဆိုင်ဆိုင် ဂျီလ်ကလည်း ငါ့လိုပဲ ဆင်တူဝတ်လာခဲ့လေရဲ့။

**by a strange/curious/amazing coincidence** အဆန်းတကြယ် တိုက်တိုက်ဆိုင်ဆိုင်။ *By a strange coincidence, all three girls had boyfriends called Simon.* အဆန်းတကြယ် တိုက်တိုက်ဆိုင်ဆိုင် မိန်းကလေးသုံးယောက်လုံးရဲ့ ယောကျ်ားလေး သူငယ်ချင်းတွေက ဆိုင်မွန်ဖြစ်ပါသတဲ့။

**happen to do sth** if you **happen to** meet someone, go somewhere, see something, you do it by chance and not because you planned to do it : သင်သည် ~ဖြင့် တစ်ယောက်ယောက်ကို တွေ့ဆုံသည်၊ တစ်နေရာရာသို့သွားသည်၊ တစ်ခုခုကို မြင်သည်ဆိုသည်မှာ ကြိုတင်စီစဉ်ထားခြင်းမရှိဘဲ အမှတ်မထင် ထိုသို့ဖြစ်ခြင်းပင်။ *A police car just happened to be driving past when the robbery took place.* လုယက်တိုက်ခိုက်မှုဖြစ်ပွားခဲ့ချိန်၌ ရဲကားတစ်စီး တိုက်တိုက်ဆိုင်ဆိုင် ဖြတ်သန်းမောင်းနှင်လာခဲ့သည်နှင့် ကြုံကြိုက်ခဲ့၏။

**as it happens** SPOKEN say **as it happens** when you are mentioning a fact that is connected, by chance, with what you have been just talking about ပြောကြားဆဲဖြစ်ပျက်လျက်ရှိသောကိစ္စနှင့် တိုက်တိုက်ဆိုင်ဆိုင် ကံအားလျော်စွာ ဆက်စပ်နေသော အချက်တစ်ရပ်ကို ဖော်ပြလိုသော



mgyoe.com

mgyoe.com

အခါ ~ဟု ပြောပါ။ *"I'm thinking of selling my guitar."* ''ငါက ငါ့ဂစ်တာရောင်းမလို့ စိတ်ကူးနေတာ''။ *"Well, as it happens, I know someone who's thinking of buying one."* ''နိပ်ဟ... တိုက်တိုက်ဆိုင်ဆိုင် ငါကလည်း ဂစ်တာတစ်လုံး ဝယ်ဖို့စဉ်းစားနေသူတစ်ယောက်ကို သိနေတာ''

**luck** [*n* U] the way in which good or bad things happen to people by chance, not because they were planned or intended : ကောင်းသောဖြစ်ရပ်များ၊ မကောင်းသော ဖြစ်ရပ်များ လူတွေအပေါ်သို့ ကျရောက်ဖြစ်ပျက်ပုံ ဖြစ်ပျက်နည်း။ ထိုသို့ဖြစ်သည်မှာ ကြိုတင်စီစဉ် သို့မဟုတ် ရည်ရွယ်ထားသောကြောင့် မဟုတ်။ တိုက်တိုက်ဆိုင်ဆိုင်၊ ကံအားလျော်စွာ ဖြစ်ပျက်ခြင်း။ ကံ၊ ကံကြမ္မာ။ *There's no skill in roulette ; it's all a matter of luck.* ၃၆ ဂဏာန်းလောင်းကစားရတာ ကျွမ်းကျင်မှုနဲ့မသက်ဆိုင်။ ကံပေါ်တွင် အားလုံးမှီတဲ့ ကိစ္စတစ်ရပ်သာဖြစ်တယ်။

**fate** [*n* U] the power which some people believe controls what happens in everyone's lives : လူများ၏ နေ့စဉ်ဘဝကို ထိန်းချုပ်စီမံနေသည်ဟု လူအချို့ လက်ခံယုံကြည်သော စွမ်းအား။ မလွဲမသွေဖြစ်ရမည့် ရှောင်လွှဲလို့မရသောအကြောင်း။ ကိန်းသေဖြစ်ရမည့် ကံကြမ္မာအကြောင်းတရား။ *It was fate that we should meet.* ငါတို့ မလွှဲသာမရှောင်သာတွေ့ကို တွေ့သင့်တယ်ဆိုတာ ကံဇာတ်ဆရာရဲ့ အစီအမံပဲ။

**by a twist of fate** (= because fate made things happen in an unexpected way) ကံကြမ္မာက အရာရာကို မမျှော်လင့်တဲ့ နည်းလမ်းမျိုးနဲ့ ဖြစ်ပျက်လာအောင် စီမံညွှန်ကြားလိုက်တဲ့အတွက် ကြောင့်။ ကံကြမ္မာအလှည့်အပြောင်း။ *By a strange twist of fate, he died the day before his grandson was born.* ကံကြမ္မာက အဆန်းတကြယ် လှည့်ပြောင်းစီမံလာတာမို့ သူ့မြေး ယောက်ျားကလေး မမွေးခင်နေ့မှာ သူသေဆုံးခဲ့တယ်။



mgyoe.com

mgyoe.com

⚠ Use **fate** especially in stories.

**fate** ကို ဝတ္ထုများမှာ အထူးသဖြင့်အသုံးပြုပါ။

## CHANGE

### ပြောင်းလဲသည်

➥ see also
**DIFFERENT, SAME, BECOME**
ခြားနားသော အတူတူဖြစ်လာသည် လည်းရှု

**1** to become different
ခြားနားလာရန်

**change** [*v* I] to become different: ခြားနားလာရန်။ *The city has changed a lot in recent years.* မြို့သည် နှစ်အတန်ကြာမှစ၍ များစွာပြောင်းလဲလျက်ရှိပြီ။ *She's really changed since she went to college.* သူမသည် ကောလိပ်ကျောင်းတက်ချိန်မှစ၍ တကယ်ပဲ ပြောင်းလဲလျက်ရှိပြီ။ *the changing role of women in society* လူ့အသိုက်အဝန်းထဲ၌ အမျိုးသမီးများ၏ အခန်းကဏ္ဍပြောင်းလဲမှု

**+ into +** အဖြစ်သို့ *The caterpillar eventually changes into a beautiful butterfly.* ခူ သို့မဟုတ် ဘောက်ဖတ်သည် နောက်ဆုံး၌ လှပသော လိပ်ပြာတစ်ကောင်အဖြစ်သို့ ပြောင်းလဲ၏။

**change from sth to/into sth** တစ်စုံတစ်ခုမှ အခြားသော တစ်စုံတစ်ခုအဖြစ်သို့ ပြောင်းလဲသည်။ *In the 18th century, Britain changed from a mainly agricultural society to an industrial one.* ၁၈ ရာစုနှစ်၌ ဗြိတိန်နိုင်ငံသည် အဓိက


mgyoe.com

mgyee.com

အားဖြင့် လယ်ယာစိုက်ပျိုးရေး လူ့အဖွဲ့အစည်းအဖြစ်မှ စက်မှုလူ့အဖွဲ့အစည်းတစ်ရပ်အဖြစ်သို့ ပြောင်းလဲခဲ့သည်။

**change colour** BRITISH **change color** AMERICAN အရောင်အသွေးပြောင်းသည်။ *It was October, and the leaves on the trees were starting to change colour.* အချိန်ကား အောက်တိုဘာလဖြစ်ခဲ့၍ သစ်ပင်များထက်ရှိ သစ်ရွက်တို့သည် စတင်အရောင်ပြောင်းနေခဲ့ကြသည်။

**alter** [*v* I ] to change - use this especially about someone's feelings or behaviour, or about a situation: ပြောင်းလဲသည်။တစ်ဦးတစ်ယောက်၏ ခံစားချက် သို့မဟုတ် အပြုအမူ၊ သို့မဟုတ် အခြေအနေနှင့် ပတ်သက်၍သုံးပါ။ *His mood suddenly altered and he seemed a little annoyed.* သူ၏ စိတ်သဘောထား ရုတ်ခြည်းပြောင်းလဲသွားခဲ့၍ သူအနည်းငယ် အနှောင့်အယှက်ဖြစ်သွားပုံပေါ်ခဲ့၏။ *The situation altered dramatically in 1979 when Mrs. Thather came to power.* မစ္စစ်သက်ချာ အာဏာရလာခဲ့သည့် ၁၉၇၉ ခုတွင် အခြေအနေသည် ရုတ်တရက် စိတ်လှုပ်ရှားစရာကောင်းစွာ ပြောင်းလဲလာခဲ့သည်။

> ⚠ **Alter** is more formal than **change,** and is used mostly in written reports or stories.

**alter** က **change** ထက်ပို၍ စည်းကမ်းစနစ်အတိုင်းဖြစ်ပြီး အစီရင်ခံစာများ ဝတ္ထုများတွင် အများအားဖြင့်သုံးသည်။

**vary** [ *v* I ] if something **varies,** it changes according to what the situation is : တစ်စုံတစ်ခုသည် ~ ဖြစ်လျှင် အခြေအနေဖြစ်ပေါ်လာသည်နှင့်အညီ ပြောင်းလဲသည်ဟုဆိုလိုသည်။ *Ticket prices to New York vary, depending on the*


mgyee.com

mgyee.com

*time of the year.* နယူးယောက်သို့သွားရန် လက်မှတ်များ၏ ဈေးနှုန်းသည် နှစ်ကာလ၏ အချိန်ရာသီအပေါ်မှီတည်ပြောင်းလဲ၏။

**vary considerably** ( = change a lot) များစွာပြောင်းလဲသည်။ *Her income varies considerably from one month to the next.* သူမ၏ဝင်ငွေသည် တစ်လနှင့်တစ်လများစွာ ပြောင်းလဲသွားသည်။

**vary - varying - varied - varied**

**turn into** [ *phrasal verb* T ] to become something completely different : လုံးလုံးလျားလျား ခြားနားသော တစ်စုံတစ်ခုအဖြစ်သို့ ပြောင်းလဲသည်။ *a story about a frog that turns into a prince* မင်းသားတစ်ပါးအဖြစ်သို့ လုံးလုံးလျားလျား ပြောင်းလဲသွားသော ဖားတစ်ကောင်အကြောင်း ဝတ္ထုတစ်ပုဒ်။ *A trip to the beach turned into a nightmare for a local family yesterday.* ဒေသခံမိသားစုတစ်ခုအတွက် ပင်လယ်ကမ်းခြေ အပန်းဖြေခရီးမှ ထိတ်လန့်ဖွယ် အိပ်မက်ဆိုးအဖြစ်သို့ မနေ့က ပြောင်းလဲသွားခဲ့၏။

**go from...to...** ESPECIALLY SPOKEN to stop from being one thing and start being something else, especially something very different : တစ်ခုခုဖြစ်နေရာမှ ရပ်ဆိုင်းသွားပြီး အခြားတစ်စုံတစ်ခုဖြစ်သွားသည်။ အလွန်ခြားနားသော အခြားတစ်ခုခုဖြစ်သွားခြင်းမျိုးမှာ အထူးသဖြင့်သုံးသည်။ *He went from being a hard-core communist to being a very pious Buddhist.* သူသည် အမာခံကွန်မြူနစ်တစ်ယောက်အဖြစ်မှ အလွန်ယုံကြည်ကိုင်းရှိုင်းသော ဗုဒ္ဓဘာသာဝင်တစ်ယောက်ဖြစ်လာခဲ့၏။ *Her face went from pink to bright red.* သူမ၏ မျက်နှာသည် ပန်းရောင်မှ ရဲရဲတောက်အနီရောင်သို့ ပြောင်းလဲသွားခဲ့သည်။



mgyee.com

mgyoe.com

## 2 to make someone or something different
### တစ်ယောက်ယောက်၊ တစ်ခုခုကို ခြားနားသွားအောင် လုပ်ဆောင်ရန်

**change** [ *v* T] to make someone or something different and usually better : တစ်ယောက်ယောက်၊ တစ်ခုခုကို ခြားနားသွားအောင် များသောအားဖြင့် ပိုမိုကောင်းလာအောင် လုပ်ဆောင်သည်။ *Unfortunately, there's nothing we can do to change the situation.* ကံဆိုးချင်တော့ အခြေအနေကို ပြောင်းလဲသွားစေဖို့ ငါတို့လုပ်နိုင်တာ ဘာမှမရှိဘူး။ *Being at the college has changed her - she seems much more confident now.* ကောလိပ်ရောက်သွားခြင်းက သူမကို ပြောင်းလဲပစ်လိုက်ပြီ။ ခု သိပ်ပြီးကိုယ့်ကိုယ်ကိုယ် သူမယုံကြည်စိတ်ချလာပုံပေါ်တယ်။

**alter** [*v* T] to change something so that it is better or more suitable : တစ်စုံတစ်ခုကို ပိုမိုကောင်းမွန်လာအောင် သို့မဟုတ် သင့်တော်လာအောင် ပြောင်းလဲသည်။ *The border was closed, and they were forced to alter their plans.* နယ်စပ်ကိုပိတ်ခဲ့၍ သူတို့သည် သူတို့၏ အစီအစဉ်များကို မပြောင်းမဖြစ် ပြောင်းလဲခဲ့ရ၏။ *You can alter the colour and size of the image using a remote control.* အဝေးထိန်းကိရိယာကို အသုံးပြု၍ သူသည် ရုပ်ပုံ၏အရောင်နှင့် အရွယ်ပမာဏကို ပြောင်းနိုင်သည်။

> ⚠ **Alter** is more formal than **change.**

ပထမစကားလုံးက ဒုတိယစကားလုံးထက်ပို၍ စည်းကမ်းစနစ်အတိုင်းဖြစ်သည်။

**make changes** to change some parts of a system or the way something is done, but not all of it : စနစ်တစ်ခု သို့မဟုတ် ကိစ္စတစ်ရပ်အား လုပ်ကိုင်ဆောင်ရွက်ထားပုံ၏ အစိတ်


mgyoe.com

mgyoe.com

အပိုင်းအချို့ကို ပြောင်းလဲပြုပြင်သည်။ သို့သော် တစ်ခုလုံးကို ပြောင်းလဲပစ်ခြင်းမဟုတ်ပေ။ *The new boss said he intended to make a few changes.* လုပ်ငန်းရှင်သူဌေးသစ်က ပြောင်းလဲမှုအချို့ပြုလုပ်ရန် ရည်ရွယ်ခဲ့ကြောင်း ပြောခဲ့သည်။

**+ to/in +** မှာ၊ ကို ။ *The manufacturer has agreed to make one or two changes to the computer's design.* ကွန်ပျူတာ၏ ဒီဇိုင်းပုံစံများကို ပြောင်းလဲမှုတစ်ခု သို့မဟုတ် နှစ်ခုပြုလုပ်ရန် ထုတ်လုပ်သူက သဘောတူညီပြီ။

**reform** [*v*T] to change a law, system, or organization, so that it is fairer or more effective : ဥပဒေ၊ စနစ် သို့မဟုတ် အဖွဲ့အစည်းတစ်ရပ်ကို မွမ်းမံပြုပြင်ရန်။ ဒါမှသာ ပိုမိုတရားမျှတလာမည်။ သို့မဟုတ် ထိရောက်လာမည်။ (အပြီး အမြစ် အငုတ်ပါမကျန်တော်လှန်ပစ်ခြင်းမဟုတ်။) *plans to reform the voting system* ဆန္ဒမဲပေးသည့်စနစ်ကို ပြုပြင်ရန် အစီအစဉ်များ။ *Many people think that the abortion laws should be reformed.* သန္ဓေသားဖျက်ချခြင်းနှင့် ပတ်သက်သော ဥပဒေများကို ပြင်ဆင်သင့်သည်ဟု များစွာသောလူတို့က ယူဆကြသည်။

**adapt/modify** [ *v* T] to change something slightly in order to improve it or make it suitable for a different purpose : ခြားနားသော (အခြားသော) ကိစ္စတစ်ရပ်အတွက် ပိုမိုကောင်းမွန် သို့မဟုတ် သင့်တော်လာစိမ့်သောငှာ တစ်ခုခုကို အနည်းငယ်ပြုပြင်ရန်။ *How much would it cost to adapt the existing equipment?* လက်ရှိပစ္စည်းကိရိယာကို ပြင်ဆင်ရန် ဘယ်လောက်ကုန်ကျမလဲ။ *a modified version of the orginal computer* မူရင်းကွန်ပျူတာကို မွမ်းမံပြင်ဆင်ထားသော ပုံစံသစ်။ *You can adapt the recipe to suit your own requirements.* မင်းရဲ့လိုအပ်ချက်(အကြိုက်)နဲ့ ကိုက်ညီအောင် ဟင်းချက်နည်းကို ပြင်ဆင်နိုင်တယ်။



mgyoe.com

mgyee.com

**adapt/modify sth for sth** တစ်စုံတစ်ခုကို တစ်ခုခု သို့မဟုတ် တစ်ယောက်အတွက် ပြုပြင်ထားသည်။ *The toilet facilities have been specially modified for use by people in wheelchairs.* အိမ်သာခွက်၌ တပ်ဆင်ထားသည့် ပစ္စည်းများကို ဘီးတပ်ကုလားထိုင်သုံးရသူများနှင့် အံကိုက်အောင် ပြုပြင်ဖန်တီးထားပြီ။

**3** to make something completely different
တစ်စုံတစ်ခုကို အပြီးအပိုင် ခြားနားသွားအောင် ပြုလုပ်သည်

**modify - modifying - modified - modified**

**transform** [*v* T often in passive] to completely change something, especially so that it is much better: အထူးသဖြင့် ပိုမို၍ အများကြီးကောင်းမွန်လာစေဖို့အတွက် တစ်ခုခုကို အပြီးအပိုင်ပြောင်းလဲပစ်သည်။ *When she smiled, her face was completely transformed.* သူမပြုံးလိုက်သောအခါ သူမ၏ မျက်နှာသည် အကြွင်းမဲ့ပြောင်းလဲသွားခဲ့သည်။

**transform sth into sth** တစ်စုံတစ်ခုကို အခြားတစ်စုံတစ်ခုသို့ ပြောင်းလဲသည်။ *In the last 20 years, Korea has been transformed into a major industrial nation.* ပြီးခဲ့သည့် နှစ် ၂၀ အတွင်း၌ ကိုရီးယားနိုင်ငံသည် အဓိကစက်မှုနိုင်ငံကြီးအဖြစ်သို့ ပြောင်းလဲလျက်ရှိပြီ။

**turn sth into sth** [*phrasal verb* T] to make something become a completely different thing, for example because you want to use it for a different purpose : ဥပမာ အဖြစ်ပြရလျှင် သင်သည် ထိုဟာကို အခြားသောကိစ္စတစ်ရပ်အတွက် အသုံးပြုလိုသောကြောင့် တစ်စုံတစ်ခုသော အရာကို အခြားတစ်ခုခုအဖြစ်သို့ အပြီးပြောင်းလဲပစ်သည်။ *We are planning to turn the study into an extra bedroom.* ကျွန်ုပ်တို့သည်


mgyee.com

mgyee.com

စာဖတ်ခန်းကို အပိုအိပ်ခန်းတစ်ခုအဖြစ်သို့ ပြောင်းလဲပစ်ရန် စီစဉ်နေကြသည်။ *He turned Ajax into the most successful football team in Europe.* သူသည် အဂျက်အသင်းကို ဥရောပတိုက်၌ အကောင်းဆုံးအသင်းအဖြစ် ပြောင်းလဲခဲ့သည်။

**revolutionize** ( also **revolutionise** British) [*v* T] to completely and permanently change the way the people do something or think about soemthing especially because of a new idea or invention : အထူးသဖြင့် အတွေးသစ် စိတ်ကူးသစ် သို့မဟုတ် ဆန်းသစ်တီထွင်မှုတစ်ခုကြောင့် လူများက ကိစ္စတစ်ခုခုအား လုပ်ပုံ သို့မဟုတ် စဉ်းစားပုံနည်းလမ်းကို အပြီးအပိုင်နှင့် ထာဝရ တော်လှန်ပြောင်းလဲပစ်သည်။ *Computers have revolutionized the way we work.* ကွန်ပျူတာများက ကျွန်ုပ်တို့အလုပ်လုပ်ပုံနည်းလမ်းကို အပြီးအပိုင်နှင့် ထာဝရတော်လှန် ပြောင်းလဲပစ်လိုက်ပြီ။

## 4 easy to change

### ပြောင်းလဲရန်လွယ်ကူသော

**flexible** [*adj*] methods, systems, or rules that are **flexible** can easily be changed if necessary : ~ဖြစ်သော နည်းလမ်းများ၊ စနစ်များ သို့မဟုတ် စည်းကမ်းများသည် လိုအပ်လာလျှင် အလွယ်တကူ ပြောင်းလဲနိုင်သည်။ ပြောင်းလဲနိုင်သော၊ ကွေးညွတ်၍ရသော၊ လိုက်လျောညီထွေဖြစ်အောင်လုပ်၍ရသော။ *flexible working hours* ပြောင်းလဲနိုင်သော အလုပ်ချိန်များ။ *Your schedule should be flexible enough to cope with interruptions or unexpected tasks.* မင်းတို့၏ အချိန်ဇယားအစီအစဉ်သည် ကြားဖြတ်ရပ်တန့်မှုများ သို့မဟုတ် မမျှော်လင့်သော အလုပ်ကိစ္စများကို ခြုံငုံမိလောက်အောင် ပြောင်းလဲလို့ရသင့်သည်။


mgyee.com

myanmore.com

## 5 a change
ပြောင်းလဲမှုတစ်ရပ်

**change** [*v* C/U] when people or things become different : လူများ၊ အရာဝတ္ထုများ စသည်တို့ တစ်ဦးနှင့်တစ်ဦး၊ တစ်ခုနှင့်တစ်ခု ခြားနားကြသောအခါ။ *She found it hard to get used to all the changes at home.* အိမ်ကပြောင်းလဲမှုအားလုံးနှင့် အသားကျရန် ခက်ခဲကြောင်း သူမတွေ့ရှိခဲ့သည်။ *A lot of people are frightened of change.* များစွာသောလူတို့သည် ပြောင်းလဲမှုကို ကြောက်လန့်ကြသည်။

**+ in +** မှာ *House plants are often sensitive to changes in the temperature.* အိမ်မှာစိုက်ထားသော ပန်းပင်များသည် အပူချိန် ပြောင်းလဲမှုများကို ခံနိုင်လေ့မရှိကြပေ။

**social/economic/political/technological change** လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေး၊ စက်မှုပြောင်းလဲမှု။ *1989 was a year of great political change in Eastern Europe.* ၁၉၈၉ ခုသည် အရှေ့ဥရောပ၌ အကြီးအကျယ်နိုင်ငံရေးပြောင်းလဲမှုရှိခဲ့သည့်နှစ် ဖြစ်ခဲ့သည်။

**big/ major change** ကြီးမားသောပြောင်းလဲမှု။ *There have been big changes in the way people learn languages.* လူများ ဘာသာစကားများကို လေ့လာသင်ယူပုံနည်းလမ်း၌ ပြောင်းလဲမှုအကြီးအကျယ်ရှိပြီ။

**a change for the better / worse** (= one that makes a situation better or worse) အခြေအနေတစ်ရပ်ကို ပိုမိုကောင်းအောင် သို့မဟုတ် ဆိုးအောင်ပြုလုပ်သော ပြောင်းလဲမှုတစ်ခု။ *For most ordinary American workers, the new tax laws represent a change for the worse.* အမေရိကန်သာမန်အလုပ်သမားအများစုအတွက် အသစ်သော အကောက်ခွန်ဥပဒေများသည် ပိုမိုဆိုးရွားမှုကို ဖြစ်စေသည်။



myanmore.com

mgyee.com

**alteration** [*n* C/U] a change, especially a small change - use this especially about small changes in someone's feelings or behaviour, or about changes made to a plan or document : ပြောင်းလဲမှုတစ်ခု၊ အထူးသဖြင့် သေးငယ်သော ပြောင်းလဲမှု။ တစ်ဦးတစ်ယောက်၏ စိတ်ခံစားမှု သို့မဟုတ် အပြုအမူမှာဖြစ်စေ၊ အစီအစဉ်တစ်ခုခု သို့မဟုတ် စာရွက်စာတမ်းမှာဖြစ်စေ အနည်းငယ်သော ပြင်ဆင်ပြောင်းလဲခြင်းမျိုးများမှာ သုံးသည်။

**+ in +** မှာ *Did you notice any alteration in the patient's behaviour?* လူနာရဲ့ အပြုအမူမှာ တစ်စုံတစ်ခုသော ပြောင်းလဲမှုကို မင်းသတိပြုခဲ့မိသလား။

**make alterations (to sth)** တစ်စုံတစ်ခုမှာ ပြင်ဆင်ပြောင်းလဲမှုများ ပြုလုပ်သည်။ *We've made one or two small alterations, but the basic design remains the same.* ကျွန်ုပ်တို့ ပြောင်းလဲပြင်ဆင်မှုကလေး တစ်ခုနှစ်ခုလောက်တော့ လုပ်ပါတယ်။ ဒါပေမယ့် အခြေခံဒီဇိုင်းပုံစံကတော့ မူလအတိုင်းပါပဲ။

**minor alteration** (= small alteration) သေးငယ်သော ပြင်ဆင်ပြောင်းလဲမှု။ *After a few minor alterations, the proposal was accepted.* ပြင်ဆင်ပြောင်းလဲမှုကလေး အနည်းငယ်ပြုလုပ်ပြီးနောက် အဆိုပြုချက်ကို လက်ခံခဲ့သည်။

**reform** [*n* C/U] a change that is made to a political or legal system in order to make it fairer or more effective : ပိုမိုတရားမျှတ သို့မဟုတ် ထိရောက်လာစိမ့်သောငှာ နိုင်ငံရေး၊ တရားဥပဒေရေးရာ၌ ပြုလုပ်သော ပြင်ဆင်ပြောင်းလဲမှု တစ်ရပ်။

**+ of +** ၏ *a reform of local goverment* ဒေသဆိုင်ရာ အစိုးရ၏ ပြင်ဆင်ပြောင်းလဲမှုတစ်ရပ်။



mgyee.com

mgyoe.com

**redical reform** (= when things are changed very thoroughly) ပြောင်းလဲပြုပြင်ဖွယ်များကို စေ့စေ့စပ်စပ် ဂရုတစိုက် လုပ်ဆောင်သောအခါမှာ သုံးသည်။ *The Socialists have promised a programme of radical reform.* ဆိုရှယ်လစ်များက စေ့စေ့စပ်စပ်ဂရုတစိုက် ပြောင်းလဲပြုပြင်ရေး အစီအစဉ်တစ်ရပ်ကို (ချမှတ်လုပ်ဆောင်ပါမည်ဟု) ဂတိပြုထားပြီ။

**revolution** [*n* C] a complete and permanent change in the way people do things or think about things : လူတို့၏ လူမှုရေး၊ တွေးခေါ်ယူဆရေးများ၌ အပြီးအပိုင် ထာဝရ အမြစ်မှတော်လှန်၍ ပြောင်းလဲမှု။ တော်လှန်ရေး။

**+ in +** မှာ *Piaget's ideas caused a revolution in education.* ပီတာဂက်၏ အတွေးအခေါ်များသည် ပညာရေးမှာ တော်လှန်ရေး တစ်ရပ်ကို ဖြစ်ပေါ်စေခဲ့၏။

**scientific/technological/social etc revolution** : သိပ္ပံ၊ စက်မှု၊ လူမှုတော်လှန်ရေး စသည်... ။ *The 1970s saw the beginnings of a new technological revolution, based on microelectronics.* ၁၉၇၀ ပြည့်လွန်နှစ်များအတွင်း၌ အလွန်သေးငယ်သည့် အီလက်ထရွန်နစ်ပစ္စည်းများကို အခြေခံသော စက်မှုတော်လှန်ရေးသစ်၏ ပမာဏအစကို တွေ့ကြုံခဲ့ကြရ၏။

(မှတ်ချက်။ ။ saw = တွေ့ကြုံခဲ့ရ၏။ နှစ်တွေက တွေ့ကြုံခဲ့ရခြင်း မဟုတ်။ ထိုနှစ်တွေအတွင်း၌ လူတွေက တွေ့ကြုံခဲ့ရခြင်းဖြစ်သည်။)

**upheaval** [*n* C/U] a big change in your life or in the way things are organized, especially when this causes problems and anxiety : အထူးသဖြင့် ပြဿနာများနှင့် စိုးရိမ်ကြောင့်ကြမှုတို့ကို ဖြစ်ပေါ်စေသော သင့်ဘဝ သို့မဟုတ် လုပ်နည်းလုပ်ဟန်တို့၏ ကြီးမားသော ပြောင်းလဲမှုတစ်ရပ်။


mgyoe.com

mgyoe.com

**+ for +** အတွက် *Moving to a different school can be a major upheaval for young children.* ခြားနားသောကျောင်း (ကျောင်းသစ်) တစ်ခုသို့ ပြောင်းရွှေ့ရခြင်းသည် ကလေးငယ်များ အတွက် ကြီးမား ရင်တုန်ဖွယ် ပြောင်းလဲမှုတစ်ရပ်ဖြစ်၏။

**6** to change where you live, what you do etc
သင် နေထိုင်ရာ၊ လုပ်ကိုင်ရာနေရာ စသည်တို့ ပြောင်းလဲမှု

**change** [*v* I/T] to change what you do or use, where you go etc, and start doing or using something else instead : သင်လုပ်ကိုင်ဆောင်ရွက်ရာ၊ အသုံးပြုရာ၊ သွားရောက်ရာ အရပ် စသည်တို့မှ အခြားသော တစ်စုံတစ်ခုကို စတင်ပြောင်းလဲ လုပ်ဆောင်အသုံးပြုသည်။ *I'm thinking of changing my car.* ( = selling it and buying another car) ငါ ငါ့ကားလဲမလို့ စဉ်းစားနေတယ်။ (ရောင်းပြီးကားသစ်ဝယ်ရန်)

**change jobs/schools/doctors etc** ( = change your job, the school you go to, the doctor you go to etc) သင်လုပ်သော အလုပ်ပြောင်းသည်၊ တက်သောကျောင်း ပြောင်းသည်၊ ဆရာဝန်ပြောင်းလဲ၍ ကုသမှုခံယူသည် . . . စသည်။ *Alex will be changing schools in September.* အယ်လ်လက်စ်သည် စက်တင်ဘာလထဲမှာ ကျောင်းပြောင်းတက်လိမ့်မည်။

**change places/ seats** (= when two people sit in each other's seats) လူနှစ်ယောက် တစ်ယောက်နှင့်တစ်ယောက် နေရာ လဲထိုင်သည်။ *Would you mind changing places so I can sit next to my girlfriend?* ကျွန်တော့် မိန်းကလေး သူငယ်ချင်းဘေးမှာ ထိုင်နိုင်ဖို့ နေရာချင်းလဲပေးပါလားခင်ဗျာ။

**change form sth to sth** တစ်စုံတစ်ခုမှ တစ်စုံတစ်ခုသို့ ပြောင်းသည်။ *Britain only recently changed from the old system of weights and measures to the metric*


mgyoe.com

mgyoe.com
*system.* ဗြိတိန်နိုင်ငံသည် စနစ်ဟောင်းအလေးချိန်နှင့် အတိုင်းအတာမှ မက်ထရစ်စနစ်သို့ မကြာမီကမှ ပြောင်းလဲခဲ့သည်။

**move** [*v* I/T] to go to live in a different house or city, or move the place where you work to a different office or city : အခြားသောအိုးအိမ် သို့မဟုတ် မြို့ပြသို့ ပြောင်းရွှေ့နေထိုင်သည်။ သို့မဟုတ် သင်အလုပ်လုပ်သောနေရာကို အခြားသောရုံးတစ်ရုံးသို့ဖြစ်စေ၊ မြို့ပြတစ်ခုသို့ဖြစ်စေ ပြောင်းရွှေ့သည်။ *Karen doesn't live here any more - she's moved.* ကာရင် ဒီမှာ မနေတော့ဘူး။ တခြားပြောင်းသွားပြီ။

**move to** (= go to another city or area) အခြားသောမြို့ပြ သို့မဟုတ် ဒေသတစ်ခုသို့ ပြောင်းရွှေ့သည်။ *We moved to Memphis when I was eight.* ကျွန်ုပ် ရှစ်နှစ်ရှိခဲ့သောအခါ မင်းဖစ်မြို့သို့ ကျွန်ုပ်တို့ပြောင်းခဲ့ကြ၏။

**move into** (= go to another house or building) အိမ် သို့မဟုတ် အဆောက်အအုံတစ်ခုထဲသို့ ပြောင်းရွှေ့သည်။ *The new office should be ready for the company to move into very soon.* ကုမ္ပဏီ မကြာခင်ပြောင်းလို့ရအောင် ရုံးခန်းအသစ်တွေ အဆင်သင့် ဖြစ်နေသင့်တယ်။

**move house/office BRITISH** (= move from one house or office to another) အိမ်တစ်အိမ်၊ ရုံးတစ်ရုံးမှ အခြားအိမ်တစ်အိမ်၊ ရုံးတစ်ရုံးသို့ ပြောင်းသည်။

**convert to sth** [*phrasal verb* T] convert to Christianity/Islam/Judaism etc ခရစ်ယာန်၊ အစ္စလမ်၊ ဂျူး ဘာသာတရား စသည်သို့ ကူးပြောင်းသည်။ မိမိသက်ဝင်ယုံကြည်သော မူလ ဘာသာအယူဝါဒကို စွန့်လွှတ်ပြီး အခြား ဘာသာတရားကို လက်ခံသက်ဝင် ယုံကြည်သည်။ *She converted to Catholicism at the time of her marriage.* သူမသည် လက်ထပ်ချိန်၌ ရိုမန်ကက်သလစ်ဘာသာသို့ ပြောင်းခဲ့သည်။


mgyoe.com

mgyoe.com

## 7 to change your plans, opinions, or decisions

မိမိ၏ အကြံစည်များ၊ အယူအဆများ၊ ဆုံးဖြတ်ချက်များပြောင်းရန်

**change your mind** to change your plans, opinions, or decisions :အကြံအစည်များ၊အယူအဆများ၊ ဆုံးဖြတ်ချက်များကို ပြောင်းလဲသည်။ *Are you still coming out tonight, or have changed your mind?* မင်း ဒီည အပြင်ထွက်လည်ဦးမှာလား။ ဒါမှမဟုတ်ရင် စိတ်ပြောင်းသွားပြီလား။

**+ about +** ပတ်သက်၍ *I've changed my mind about Terry - he's a pertty nice guy.* ငါ တာရီနဲ့ပတ်သက်ပြီး သဘောထားပြောင်းသွားပြီ။ သူဟာ အတော်ကောင်းသူ တစ်ယောက် ပါ။

**have second thoughts** to feel less sure about something that you intended to do, and start to wonder you really want to do it : မိမိ ယုံကြည်ခံယူထားသော စိတ်ကူးတစ်ခုကို မယုံမကြည် မရွံ့မရဲဖြစ်လာသည်။ သို့လော သို့လော ဖြစ်လာသည်။ ဒုတိယစိတ်ကူးများဖြစ်လာသည်။ *At first she was very interested in the idea, but then seemed to have second thoughts.* ပထမ၌ သူမသည် စိတ်ကူးအယူအဆကို အလွန်စိတ်ဝင်စားခဲ့သည်။ သို့သော် နောက်တွင်တော့ သို့လော သို့လော ဖြစ်လာပုံပေါ်ခဲ့၏။

**+ about +** ပတ်သက်၍ *Martin was having second thoughts about accepting the job.* မာတင်သည် အလုပ် ကို လက်ခံရေးနှင့်ပတ်သက်၍ သောင်မတင်ရေမကျ ဖြစ်လာခဲ့ ၏။

**get cold feet INFORMAL** to suddenly feel that you are not brave enough to do something that you intended to do : သင် လုပ်ဆောင်ရန် ရည်ရွယ်ထားသော ကိစ္စ

mgyoe.com

mgyoe.com
တစ်ခုကို လုပ်ရန် မဝံ့မရဲဖြစ်သွားကြောင်း ရုတ်တရက်ခံစားလာရသည်။ *She's postponed the wedding - I wonder if she's getting cold feet.* သူမက လက်ထပ်ဖို့ပြောင်းရွှေ့တယ်။ သူ့ရဲ့ဘောကြောင်သွားတာလား မပြောတတ်ဘူး။

**come around (also come round BRITISH-*phrasal verb* I )** to gradually change your mind and begin to agree with someone, although you did not agree with them before : သင်သည် ယခင်က သူတို့နှင့် သဘောချင်း မတူညီခဲ့သော်လည်း ဖြည်းဖြည်းစိတ်ပြောင်းသွားပြီး စတင်သဘောတူညီလာသည်။ *We had to work hard to persuade her, but finally she came around.* ကျွန်ုပ်တို့သည် သူမကိုဆွဲဆောင်ရန် အပြင်းအထန်ကြိုးစားခဲ့ရသည်။ နောက်ဆုံး၌ သူမက သဘောတူခဲ့သည်။

**come around to sb's point of view/come round to an idea** တစ်စုံတစ်ယောက်၏ အမြင်ကို သဘောတူလက်ခံလာသည်။ စိတ်ကူးအတွေးအခေါ်တစ်ခုကို သဘောတူ လက်ခံလာသည်။ *Give him time, and I'm sure he'll come around to your point of view.* သူ့ကို အချိန်ပေးပါ။ မင်းရဲ့အမြင်ကို သူလက်ခံလာမှာ ငါ သေသေချာချာ သိတယ်။

## 8 willing to change your ideas, opinions, or the way you do something

**သင်၏စိတ်ကူးများ၊ အယူအဆများ သို့မဟုတ် လုပ်နည်းလုပ်ဟန်များကို ပြောင်းလဲရန် စိတ်အားထက်သန်သော**

**flexible** [ *adj* ] willing to change your ideas, plans, or methods according to the situation : အခြေအနေအရ (ဝါ) အခြေအနေနှင့်အညီ စိတ်ကူးများ၊ အစီအစဉ်များ သို့မဟုတ်


mgyoe.com

mgyoe.com
နည်းလမ်းများကို ပြောင်းလဲရန် စိတ်အားထက်သန်သော။ *Many employers say women are more flexible and better at teamwork than men.* အမျိုးသမီးများသည် အမျိုးသားများထက် လူစုလူဝေး အသင်းအဖွဲ့များနှင့် လုပ်ဆောင်ရသောအလုပ်တွင် ပိုမိုလိုက်လျောညီထွေရှိပြီး သာလွန်ကောင်းမွန်သည်ဟု များစွာသော လုပ်ငန်းရှင်တို့က ပြောကြားကြသည်။

**+about+** ပတ်သက်၍ *Ken says he can be flexible about what time we start tomorrow.* နက်ဖြန် ကျွန်ုပ်တို့ ဘယ်အချိန်စတင်ကြမလဲဆိုသည်နှင့် ပတ်သက်၍ သူ အလျော့အတင်း လုပ်နိုင်သည်ဟု ကင်က ပြောသည်။ (ဘယ်အချိန်စစ ဖြစ်သည်။)

**adaptable** [*adj*] someone who is **adaptable** does not get upset or annoyed if they have to change the way they do things, and easily gets used to a new situation : သူတို့လုပ်နေကျ နည်းလမ်းကို ပြောင်းလဲလုပ်ဆောင်ရလျှင်လည်းပဲ~ဖြစ်သော တစ်စုံတစ်ယောက်သည် မကျေမနပ်ဖြစ်ခြင်း၊ စိတ်အနှောင့်အယှက်ဖြစ်ခြင်းမရှိဘဲ အခြေအနေသစ်နှင့် ကိုက်ညီအသားကျအောင် လုပ်ကိုင်သွားနိုင်သည်။ *Children are often more adaptable than adults.* ကလေးများသည် များသောအားဖြင့် လူကြီးများထက် အခြေအနေနှင့် ကိုက်ညီအောင် ပြောင်းလဲပြုပြင်နေထိုင်သွားနိုင်သည်။ *I'm not sure Ken's adaptable enough to take a job abroad.* နိုင်ငံခြားတွင် အလုပ်လုပ်နိုင်လောက်အောင် ကင်သည် သူ့ကိုယ်သူ ပုံစံပြောင်း ပြုပြင်နိုင်သည်ဟု ကျွန်ုပ်မသေချာပါ။

## 9 not changing and always the same
### ပုံစံပြောင်းလဲခြင်းမရှိဘဲ အမြဲတမ်း သည်အတိုင်းဖြစ်သော

**permanent** [*adj*] something that is **permanent** continues forever or for a long time : ~ ဖြစ်သော တစ်စုံ


mgyoe.com

mgyoe.com

တစ်ခုသည် ထာဝစဉ် သို့မဟုတ် ကာလရှည်ကြာစွာ သည်အတိုင်း ဆက်လက်တည်ရှိသည်။ အမြဲထာဝစဉ်ဖြစ်သော။ *The accident left her with permanent brain damage.* မတော်တဆ ထိခိုက်ဒဏ်ရာရမှုက သူမကို ထာဝရ ဦးနှောက်ထိခိုက်ပျက်စီးခြင်းကို ဖြစ်စေခဲ့သည်။ *a permanent job* အမြဲတမ်းအလုပ်တစ်ခု (ယာယီအလုပ်မဟုတ်) *We're hoping to find a permanent solution to the problem.* ကျွန်ုပ်တို့သည် ပြဿနာ၏ ထာဝရ အဖြေကို ရရှိရန် မျှော်လင့်နေပါသည်။

**fixed** [*adj*] use this about amounts, prices, or times that cannot be changed : ပမာဏများ၊ တန်ဖိုးများ၊ အချိန်သတ်မှတ်ချက်များ စသည့် ပြောင်းလဲလို့မရသည်တို့ကို သုံးသည်။ *Workers are paid a fixed rate per hour.* အလုပ်သမားများကို တစ်နာရီပုံသေနှုန်းဖြင့်ပေးသည်။ *The classes begin and end at fixed times.* သင်တန်းများသည် အတိအကျ သတ်မှတ်ထားသော အချိန်များတွင် စတင်ကြ၊ ပြီးစီးကြသည်။

**constant** [*adj*] use this about an amount or level that remains the same over a long period : အချိန်ကြာမြင့်စွာ မပြောင်းမလဲ တည်ရှိနေသော ပမာဏ (သို့မဟုတ်) အဆင့်အကြောင်း ဖော်ပြရာမှာ သုံးပါ။ *An animal's fur helps it to maintain a constant body temperature.* တိရစ္ဆာန်တစ်ကောင်၏ သားမွေးက ခန္ဓာကိုယ် အပူချိန်ကို မပြောင်းမလဲဖြစ်နေအောင် ကူညီထိန်းသိမ်းပေးသည်။ *The noise level remained constant throughout the day.* ဆူညံသံ၏ (အနိမ့်အမြင့်) အဆင့်သည် တစ်နေ့လုံး မပြောင်းမလဲ တည်ရှိနေခဲ့၏။

**steady** [*adj*] use this about an amount that remains the same or a process that continues in the same way over a long period, especially when this is a good



mgyoe.com

mgyoe.com
thing : အချိန်ကြာညောင်းစွာ မပြောင်းမလဲ ဆက်လက်ဖြစ်တည်နေသော ဖြစ်စဉ်တစ်ရပ် သို့မဟုတ် တည်ရှိနေသော ပမာဏတစ်ခု အကြောင်း ဖော်ပြရာမှာသုံးပါ။ အထူးသဖြင့် ကောင်းမွန်သောကိစ္စကို ဖော်ပြရာမှာ သုံးပါ။ *They drove along at a steady 80 kilometres per hour.* သူတို့သည် တစ်နာရီ ၈၀ ကီလိုမီတာဖြင့် လမ်းတစ်လျှောက်လုံး မှန်မှန်မောင်းနှင်သွားခဲ့သည်။

*a steady improvement* ဖြည်းဖြည်းမှန်မှန်၊ တိုးတက်လာမှု

**steady - steadier - steadiest**

**steadily**[*adv*] ဖြည်းဖြည်းမှန်မှန်၊ တည်ငြိမ်စွာ။ *The standard of living has been rising steadily for 20 years.* လူနေမှုအဆင့်အတန်းသည် ဖြည်းဖြည်းမှန်မှန် တိုးတက်လျက်ရှိသည်မှာ အနှစ် ၂၀ ကြာပြီ။

**stable** [*adj*] use this about prices, amounts, or levels that are no longer changing, after a period when they were changing a lot : အကြီးအကျယ် ပြောင်းလဲ သော အချိန်ကာလတစ်ခုအပြီး၌ ကုန်ဈေးနှုန်းများ၊ ပမာဏများ သို့မဟုတ် မျက်နှာပြင်များ နိမ့်မြင့်မဖြစ်တော့ဘဲ ငြိမ်သွားကြောင်း ဖော်ပြလိုသောအခါမှာ သုံးပါ။ တည်ငြိမ်သော *Fuel prices have become more stable after several increases last year.* ပြီးခဲ့သောနှစ်အတွင်းက အကြိမ်ကြိမ်ဈေးတက်ခဲ့ပြီးနောက် လောင်စာဆီဈေးနှုန်းများ ပိုမိုတည်ငြိမ်လာပြီ။ *His temperature remained stable throughout the night.* တစ်ညလုံး သူ၏ အပူချိန် မပြောင်းမလဲ တည်ငြိမ်နေခဲ့၏။

**10** unwilling to change your ideas or opinions

သင်၏စိတ်ကူးများ သို့မဟုတ် အယူအဆများကို ပြောင်းလဲရန် စိတ်မထက်သန်သော


mgyoe.com

mgyoe.com

➥ see also **DETERMINED**

သန္နိဋ္ဌာန်ချထားသောလည်းရှု။

**stubborn** [*adj*] someone who is **stubborn** refuses to change their ideas or opinions even when other people think are being unreasonable : ~ ဖြစ်သော တစ်စုံတစ်ယောက်ဆိုသည်မှာ အခြားသူများက သူတို့ကို အကြောင်းအကျိုးဆက်စပ်မှုတမှုမရှိဟု မှတ်ယူကြသည်သော်မှ သူတို့၏ စိတ်ကူးများ၊ အယူအဆများကို ပြောင်းလဲရန် ခေါင်းမာသော လူတစ်ယောက်ဖြစ်သည်။ *Mary didn't like admitting she was wrong - she could be very stubborn at times.* သူမ မှားခဲ့ပါသည်ဟု ဝန်ခံရသည်ကို မေရီမနှစ်သက်ခဲ့ပေ။ တစ်ခါတစ်ရံ၌ သူမ အလွန်ခေါင်းမာလေ့ရှိခဲ့၏။

**be set in your ways** someone who **is set in their ways** does not want to change the way they do things, because they have done them in the same way for a long time : သူတို့သည် ကာလရှည်ကြာစွာမှစပြီး ယင်းသို့ တွေးခေါ်လုပ်ဆောင်လာခဲ့သဖြင့် အကျင့်ပါနေပြီမို့ ~ ဖြစ်နေသော တစ်စုံတစ်ယောက်သည် သူ၏ တွေးခေါ်လုပ်ဆောင်ပုံနည်းလမ်းကို ပြောင်းလဲပြင်ဆင်ရန် မလိုလားပေ။ သူ့နည်းသူ့ဟန်များနှင့် အသားကျ အရိုးစွဲနေပြီဖြစ်သော။ *He's too old and set in his ways to change now.* ယခု မပြောင်းလဲ မပြုပြင်နိုင်လောက်အောင် သူသည် အိုမင်းသည့် အပြင် သူ့နည်းသူ့ဟန်များနှင့် ကျင့်သား အရိုးစွဲနေသည်။

## 11 changing a lot

### အကြီးအကျယ်ပြောင်းလဲခြင်း

**changeable** [*adj*] something that is **changeable** changes often, so that you cannot know what to



mgyoe.com

expect next : နောက်မှာ ဘာဖြစ်လာလိမ့်မလဲဆိုတာ မျှော်လင့်ရန် သင်မစွမ်းနိုင်လောက်အောင် ~ဖြစ်သော တစ်စုံတစ်ခုသည် လျှင်မြန်စွာ ပြောင်းလဲသည်။ *In the mountains the weather is very changeable.* တောင်တွေအတွင်းမှာ (အကြားမှာ) ရာသီဥတုဟာ အလွန်ပြောင်းလဲတယ်။ *Regular drug users often experience changeable moods and panic attacks.* အမြဲပုံမှန် မူးယစ်ဆေးသုံးစွဲသူများသည် စိတ်ဖြစ်စဉ် ပြောင်းလဲမှုများနှင့် အကြောက်တရား၏ အတိုက်အခိုက်ကို မကြာခဏတွေ့ကြုံခံစားရ၏။

**variable** [*adj*] changing according to the situation - use this about amounts, prices, speeds, temperatures etc : ပတ်ဝန်းကျင်တည်နေရာ အချိန်အခါ အခြေအနေပေါ် မူတည်ပြီး ပမာဏအနည်းအများတွေ၊ ဈေးနှုန်းတွေ၊ အမြန်နှုန်းတွေ၊ အပူချိန်တွေစသည်တို့ ပြောင်းလဲမှုနှင့် ပတ်သက်၍သုံးပါ။ *The price of fruits tends to be very variable.* သစ်သီးများ၏ ဈေးနှုန်းသည် အလွန်ပြောင်းလဲတတ်၏။


# ESSENTIAL ACTIVATOR-C

mgyoe.com

# CHEAP

## ဈေးပေါသော

➥ opposite **EXPENSIVE**
ဆန့်ကျင်ဘက် ဈေးကြီးသော




**1** not costing much money
ငွေကြေးများများ မကုန်ကျသော

**cheap** [*adj*] something that is **cheap** costs very little money, or costs less than you expected: ~ ဖြစ်သော တစ်စုံတစ်ခုဆိုသည်မှာ ငွေကြေးအလွန်နည်းနည်း ကလေးပေးရသည်။ သို့မဟုတ် သင်မျှော်လင့်ခဲ့သည်ထက် ဈေးသက်သာသည်။ *My shoes were really very cheap - they only cost $ 15.* ငါ့ဖိနပ်တွေ တကယ်ပဲ အလွန်ဈေးပေါခဲ့တယ်။ ၁၅ ဒေါ်လာပဲ ပေးရတယ်။ *The cheapest way to get to Chicago is to take the bus.* ရှီကာဂိုသွားဖို့ ဈေးအပေါဆုံးခရီးကတော့ ဘတ်စ်ကားနဲ့ သွားဖို့ပဲဖြစ်တယ်။


mgyoe.com

mgyone.com

**it is cheap to do sth** တစ်စုံတစ်ခုပြုလုပ်ရန် ဈေးပေါသည်။ *It's cheaper to phone after six o'clock.* ခြောက်နာရီကျော်မှ ဖုန်းဆက်တာ ဈေးပိုမိုသက်သာတယ်။

**relatively cheap** ( = cheap compared with other things) နှိုင်းယှဉ်ကြည့်လိုက်ရင် တခြားဟာတွေထက် ဈေးသက်သာသည်။ *These wooden houses are relatively cheap to build.* ဒီ သစ်သားအိမ်တွေဟာ တခြားအဆောက်အအုံတွေထက် ဆောက်လုပ်ရတာ ဈေးပေါတယ်။

**get sth cheap** ( = buy something for a lower price than you expected) သင်မျှော်မှန်းထားခဲ့တာထက် ပစ္စည်းတစ်ခုကို ပိုမိုဈေးသက်သာစွာဖြင့် ဝယ်ယူရရှိသည်။ *The jacket was slightly damaged, so I got it cheap.* ခါးတိုကုတ်အင်္ကျီသည် မဆိုစလောက် အနာပါသည်။ ထို့ကြောင့် ကျွန်ုပ်ဈေးပေါပေါဖြင့် ရခဲ့သည်။

**cheaply** [*adv*] ဈေးပေါစွာ။ *You can buy electronic diaries fairly cheaply nowadays.* ယခုအခါ၌ သင်သည် အီလက်ထရွန်းနစ်ဒိုင်ယာရီများကို အတန်အသင့် ဈေးပေါစွာဖြင့် ဝယ်ယူရရှိနိုင်သည်။

**inexpensive** [*adj*] not expensive - use this especially about things that are of good quality, even though they do not cost a lot : ဈေးမကြီးသော ကုန်ကျစရိတ်မများသော။ ယင်းတို့သည် တန်ဖိုးအလွန်မကြီးသော်လည်း အရည်အသွေးကောင်းသော ပစ္စည်းများနှင့် ပတ်သက်၍ အထူးသဖြင့် သုံးပါ။ *The furniture is inexpensive but well-made.* ပရိဘောဂပစ္စည်းသည် ဈေးမကြီးပါ။ သို့သော် ကောင်းကောင်းပြုလုပ်ထားပါသည်။ *a simple, inexpensive meal* ရိုးရိုးနှင့် ဈေးမကြီးသော ပုံမှန်အစားအစာ။ *Beans and lentils are an inexpensive source of protein.* ပဲသီးများနှင့် ပဲစေ့တို့သည် ပရိုတိန်းဓာတ်


mgyone.com

mgyoe.com
ရရှိရေး၏ အရင်းအမြစ်များ ဖြစ်ကြသည်။

⚠ Use **inexpensive** especially in written English.

ဤစကားလုံးကို အထူးသဖြင့် အင်္ဂလိပ်စာ ရေးသားရာမှာ သုံးပါ။

**not cost much** ESPECIALLY SPOKEN to not be expensive : အကုန်အကျမများရန်။ *We had a very good meal and it didn't cost much.* ငါတို့ အလွန်ကောင်းသော စားပွဲတစ်ခုကို စားခဲ့ကြ၍ တန်ဖိုးလည်းမကြီးခဲ့ပေ။

**it doesn't cost much to do sth** တစ်စုံတစ်ခုပြုလုပ်ရန် များစွာ မကုန်ကျ။ *It doesn't cost much to rent a TV.* တီဗွီတစ်ခုငှားရန် များစွာအခမပေးရပေ။

**economical** [*adj*] cheap to use or cheap to do - use this about cars, machines, or ways of doing things that do not waste any money, fuel etc: အသုံးပြုရန် သို့မဟုတ် လုပ်ဆောင်ရန် စျေးပေါသော။ ကားများ၊ စက်များ သို့မဟုတ် ငွေကြေး၊ လောင်စာ စသည်တို့ကို မလေမလွင့်စေသော၊ မဖြုန်းတီးသော အခြားပစ္စည်းများနှင့် ပတ်သက်၍ သုံးပါ။ တွက်ခြေကိုက်သော၊ ငွေအကုန်အကျသက်သာသော။ *We have a very economical heating system, so the bills aren't too high.* ကျွန်ုပ်တို့တွင် အလွန်တွက်ခြေကိုက်သော အပူပေးစက်တစ်ခု ရှိပါသည်။ ထို့ကြောင့် ငွေတောင်းခံလွှာများ မမြင့်မားကြပါ။ (များများ မပေးဆောင်ရပါ)

**be economical to use / run/ operate** စက်ပစ္စည်းကို ကိုင်တွယ် အသုံးချရန်စရိတ်မကြီး။ *This is a well-designed car that it also very economicl to run.* ဤဟာသည် အသုံးပြုရသည်မှာလည်း အလွန်အကုန်အကျသက်သာ တွက်ခြေကိုက်သော ပုံစံလှလှကားတစ်စီးဖြစ်သည်။


mgyoe.com

mgyee.com

**it is more economical to do sth** တစ်စုံတစ်ခုပြုလုပ်ရတာ ပိုမို အကုန်အကျသက်သာသော တွက်ခြေကိုက်သော။ *It is more economical to buy the big packet-it's only 50p more than the small one.* အထုပ်ကြီးဝယ်ရတာ ပိုမိုတွက်ခြေကိုက်တယ်။ အထုပ်သေးထက် ပဲနီ ၅၀ တည်းသာပိုတယ်။

**2** cheap but bad quality

ဈေးပေါ သို့သော် အရည်အသွေးညံ့

**cheap** [*adj* usually before noun] something that is cheap does not cost much, and is clearly of bad quality : ဈေးပေါသော တစ်စုံတစ်ခုသည် တန်ဖိုးမကြီးသည်နှင့်အညီ အရည်အသွေးညံ့ဖျင်းလေ့ရှိသည်မှာ သိသာထင်ရှားသည်။ *The tourist shops were full of cheap souvenirs.* အပျော်ခရီးသည်ဆိုင်များသည် အပေါစား အမှတ်တရပစ္စည်းများဖြင့် အောတိုက်နေသည်။ *an old woman smelling of cheap perfume* အပေါစားရေမွှေးနံ့သင်းနေသော အဘွားအိုတစ်ယောက်

**cheap and nasty** BRITISH( = cheap and unattractive because it is of very bad quality) အလွန်အရည်အသွေးညံ့သောကြောင့် ဈေးပေါပြီး နှစ်သက်စရာမကောင်းသော။ *I wouldn't buy any of that jewellery-it's cheap and nasty.* အဲဒီကျောက်မျက်တန်ဆာတွေထဲက ဘယ်ဟာကိုမှ ငါမဝယ်ဘူးကွ။ အပေါစားအညံ့ အဖျင်းတွေ။

**3** when you get something good for a low price

ဈေးချိုချိုဖြင့် မျိုးကောင်းပစ္စည်းတစ်ခုကို သင်ရရှိသောအခါ

**be good value** to be worth the price that you pay for it : သင်ပေးရသောတန်ဖိုး ထိုက်တန်သည်။ အရတော်သည်။ တကယ်တန်သည်။ *The meals at Charlie's Pizza are really good value.* ချာလီပီဇာက အစားအစာတွေဟာ တကယ်တန်တယ်။


mgyee.com

mgyoe.com

**good value for money** ပေးရသောငွေသည် ကောင်းကောင်း ထိုက်တန်သည်။ ပိုက်ဆံပေးရကျိုးနပ်သည်။ *There's a special ticket that means you can see six concerts, which is definitely good value for money.* မင်း ကပွဲခြောက်ပွဲကြည့်နိုင်တဲ့ အထူးလက်မှတ်ဝယ်လို့ရတယ်ကွ။ အဲဒါဟာ ပိုက်ဆံပေးရကျိုးတကယ်နပ်ဟော့။

**be a good buy** something that is a good buy is worth the price you pay for it, because it is not expensive but still good : ထိုဟာသည် ဈေးမကြီးသော်လည်း ကောင်းမွန်ဆဲဖြစ်သောကြောင့် အဝယ်ကောင်းတစ်ခု (ဝါ) အရတော်သော တစ်စုံတစ်ခုဆိုသည်မှာ ပေးရသောတန်ဖိုးသည် အလွန်ပေးထိုက်သည်။ အလွန်ဈေးချောင်သည်ဟု ဆိုလိုသည်။ *The Brazilian white wine is a good buy at only £2.99 a bottle.* တစ်ပုလင်းကို ၂.၉၉ ပေါင်သာဖြစ်၍ ဘရာဇီးဝိုင်အရက်ဖြူသည် အလွန်ဈေးသက်သာသည်။

> ⚠ Use **a good buy** about goods or products, but not about services such as travel, entertainment, or meals.

အထက်ပါ အသုံးအနှုန်းကို ကုန်ပစ္စည်းများ သို့မဟုတ် စက်ရုံထွက်ပစ္စည်းများအတွက်သာသုံးပါ။ ခရီးသွားခြင်း၊ ဖျော်ဖြေမှု၊ အစားအစာများအကြောင်း ပြောရာမှာမသုံးနှင့်။

**bargain** [*n* C] something that costs a lot less than you expect or a lot less than it usually costs : သင်ခန့်မှန်းသည်ထက် သို့မဟုတ် တကယ်တန်ဖိုးကျသည်ထက် အလွန်ဈေးသက်သာသော။ *I got this shirt when I was in Thailand - it was a real bargain.* ကျွန်ုပ် ထိုင်းနိုင်ငံ၌ရှိခဲ့စဉ်က ဤရှပ်အင်္ကျီကို ရရှိခဲ့သည်။ တကယ်ပင် အရတော်ခဲ့သည်။ *Did you get any*


mgyoe.com

mgyee.com

*bargains at the market ?* ဈေးက မင်းပေါချောင်ကောင်းတွေ ရခဲ့သလား။

**reasonable** [*adj* ] **reasonable** prices seem fair because they are not too high : ~ ဖြစ်သော ဈေးနှုန်းဆိုသည်မှာ အလွန်မြင့်မားလွန်းခြင်းမရှိသောကြောင့် မျှတလက်ခံနိုင်လောက်သော ဈေးနှုန်းဖြစ်သည်။ *They sell good-quality hi-fi equipment at reasonable prices.* သူတို့သည် အရည်အသွေးကောင်း၊ အလွန်အသံကြည်သော ဟိုင်ဖိုင် အသံဖမ်းစက်(ဝါ) ကက်ဆက်ကို မျှတသောဈေးနှုန်းများဖြင့် ရောင်းသည်။ *Only £15 a night? That's very reasonable!* တစ်ည ၁၅ ပေါင်လား။ သိပ်မျှတတာပေါ့။

## 4 when the price has been reduced
ဈေးနှုန်းလျှော့ချလိုက်သောအခါ

**sale** [*n* C] a time when a shop sells things more cheaply than usual : ထုံးစံအတိုင်းထက် ဆိုင်တစ်ဆိုင်က ပစ္စည်းများကို ပိုမိုဈေးလျှော့ရောင်းချပေးသောအချိန်။ *The bookstore is having a closing-down sale.* စာအုပ်ဆိုင်သည် လုပ်ငန်းသိမ်း လျှော့ဈေးရောင်းပွဲကို ပြုလုပ်နေသည်။

**the sales** BRITISH (= when a lot of shops sell things at reduced prices) ဆိုင်အများအပြား လျှော့ဈေးဖြင့် သူတို့၏ ကုန်ပစ္စည်းများကို ရောင်းချကြသောအခါ။ *the January sales* ဇန်နဝါရီ လျှော့ဈေးရောင်းပွဲ။ *I bought this coat half price in the sales.* ငါ ဒီကုတ်အင်္ကျီကို လျှော့ဈေးပွဲမှာ တစ်ဝက်နှုန်းနဲ့ ဝယ်ခဲ့တယ်။


**on sale** AMERICAN something that is **on sale** is being sold at a specially low price in shop: ~ လုပ်နေသော တစ်စုံတစ်ခုဆိုသည်မှာ အထူးသက်သာသော ဈေးဖြင့် ဆိုင်


mgyee.com

mgyoe.com

# CHEAT

## လိမ်ညာသည်




**1** to get money or possessions from some-one dishonestly
မရိုးမသားဖြင့် တစ်စုံတစ်ယောက်ထံမှ ပိုက်ဆံ သို့မဟုတ် ပိုင်ဆိုင်မှုများ (ပစ္စည်းများ) ကို ရယူရန်

**cheat** [*v* T] to get money or possessions from someone dishonestly : မရိုးမသားဖြင့် တစ်စုံတစ်ယောက်ထံမှ ပိုက်ဆံ သို့မဟုတ် ပိုင်ဆိုင်မှုများကို ရယူရန်။ *He always thinks that people in shops are trying to cheat him.* ဆိုင်က လူများ (ဝါ) ဆေးရောင်းသူများက သူ့ကို လိမ်ညာရန် ကြိုးစားနေကြသည်ဟု သူအမြဲတမ်း ထင်မှတ်သည်။

**cheat sb out of sth** တစ်စုံတစ်ယောက်ကို တစ်ခုခုလိမ်ညာယူသည်။ *She says she was cheated out of $ 10,000 she paid to the modeling agency.* မော်ဒယ်လ်ကိုယ်စားလှယ်အဖွဲ့သို့ သူမပေးခဲ့သော ဒေါ်လာ ၁၀,၀၀၀ လိမ်ညာခံခဲ့ရသည်ဟု သူမကပြောသည်။



mgyoe.com

mgyoe.com

**swindle** [v T] to get money from a person or organization by cheating them, especially using clever and complicated methods : အထူးသဖြင့် လူလည်ကျ၍ ရှုပ်ထွေးပွေလီသော နည်းလမ်းများကို အသုံးပြုလျက် လူတစ်ယောက် သို့မဟုတ် အဖွဲ့အစည်းတစ်ခုမှ ငွေကြေး လိမ်ညာရယူသည်။ *He was jailed in 1992 for attempting to swindle the insurance company he worked for.* သူ အလုပ်လုပ်သော အာမခံကုမ္ပဏီကို လိမ်ညာရန် ကြိုးစားခြင်းအတွက် သူသည် ၁၉၉၂ ခုနှစ်တွင် ထောင်ကျခဲ့သည်။

**swindle sb out of sth** တစ်စုံတစ်ယောက်အား တစ်ခုခုလိမ်ညာယူသည်။ *Investors have been swindled out of millions of pounds.* ငွေရင်းနှီးမြှုပ်နှံသူများသည် ပေါင်ငွေ သန်းပေါင်းများစွာ လိမ်ညာခြင်းခံကြရပြီ။

**con** [vT] ESPECIALLY SPOKEN to persuade someone to buy something or to give you money by telling them lies : တစ်စုံတစ်ယောက်အား မုသားများပြောကြားခြင်းအားဖြင့် တစ်စုံတစ်ခုဝယ်ရန် သို့မဟုတ် သင့်ကို ငွေကြေးပေးရန် သွေးဆောင်သည်။

**con sb out of sth** တစ်စုံတစ်ယောက်ထံ တစ်ခုခုကို လိမ်ညာလှည့်စားယူသည်။ *A man pretending to be a faith healer has conned around £ 20,000 out of desperate sick people.* သစ္စာပြု၍ ဆေးကုသူဟန်ဆောင်ထားသူ လူတစ်ယောက် (အထက်ဆရာယောင်)သည် စိတ်ဓာတ်ကျအားကိုးရာမဲ့ ဖြစ်နေကြသော နာမကျန်းသူများထံမှ ပေါင်ငွေ ၂၀၀၀၀ ဝန်းကျင် လိမ်ညာ ဖြီးဖြန်းယူသွားပြီ။

**con sb into doing sth** တစ်စုံတစ်ယောက်ကို ညာဖြန်းပြီး တစ်ခုခုလုပ်နိုင်းသည်။ *They conned her into leaving a*


mgyoe.com

mgyoe.com

*bank credit card slip as a deposit.* သူတို့သည် သူမအား အကြွေးဝယ် ကတ်ပြားကို အာမခံငွေအဖြစ် လက်ခံအောင် လိမ်လည်လှည့်ဖြားခဲ့ကြသည်။

**con - conning - conned - conned**

**fiddle** [ *v* T] BRITISH INFORMAL to give false information or make dishonest changes in financial records, in order to get money or avoid paying money: ပိုက်ဆံရရန် သို့မဟုတ် မပေးရရန်အတွက် မမှန်သတင်းအချက်အလက်များကို ပေးသည်။ သို့မဟုတ် ငွေစာရင်းမှတ်တမ်းများတွင် မရိုးမသားဖြင့် ပြောင်းလဲပြင်ဆင်မှုများ ပြုလုပ်သည်။ *My boss thinks I've been fiddling my travel expenses.* ကျွန်ုပ်သည် ခရီးစရိတ်များကို မမှန်မကန် ပိုမိုတင်ပြလျက်ရှိသည်ဟု ကျွန်ုပ်၏သူဌေးက ထင်မြင်သည်။

**fiddle the books/ fiddle th accounts** (= change a company's financial records) ကုမ္ပဏီတစ်ခု၏ ငွေစာရင်းများ၊ ငွေကြေးမှတ်တမ်းမှတ်ရာများ ပြောင်းလဲပြင်ဆင်ပစ်သည်။ *The company secretary has been fiddling the books for years.* ကုမ္ပဏီအတွင်းရေးမှူးသည် ငွေကြေးမှတ်တမ်းမှတ်ရာ စာအုပ်များကို မရိုးမသား ပြင်ဆင်လျက်ရှိသည်မှာ နှစ်ပေါင်းများစွာ ကြာပြီ။

**2** to make someone pay too much money for something

တစ်စုံတစ်ယောက်ကို ကိစ္စတစ်ရပ်အတွက် ငွေကြေးအမြောက်အမြား ကျခံပေးဆောင်စေရန်

**overcharge** [ *v* I/T] to make someone pay too much for something in a shop, restaurant, a taxi etc : တစ်စုံတစ်ယောက်ကို ဈေးဆိုင်၊ စားသောက်ဆိုင်၊ တက္ကစီစသည်၌ ကျသင့်



mgyoe.com

mgyoe.com
သည့်ထက် ပိုမို၍ မတရားတောင်းခံရယူသည်။ *Garage mechanics are twice as likely to overcharge women car-owners than men.* ကားထားရုံ ကားပြင်ဌာနများမှ စက်ပြင်များသည် အမျိုးသမီးကားပိုင်ရှင်များကို အမျိုးသား ကားပိုင်ရှင်များထက် နှစ်ဆ တောင်းဆိုတတ်ကြ၏။

**overcharge sb for sth** တစ်စုံတစ်ယောက်ကို တစ်စုံတစ်ခု အတွက် ဈေးပိုတောင်းခံရယူသည်။ *The meal was good, but we were overcharged for the wine.* အစားအစာများ ကောင်းခဲ့သည်။ သို့သော် ဝိုင်အရက်အတွက် ကျွန်ုပ်တို့ကို ပို "တွယ်" ခဲ့သည်။

**rip off** [ *phrasal verb* T] SPOKEN INFORMAL to make someone pay much more than the usual price for something : တစ်စုံတစ်ခုအတွက် တစ်ဦး တစ်ယောက်အား ကျသင့်သောတန်ဖိုးထက် များစွာ ပိုမိုကျခံ ပေးဆောင်စေသည်။

**rip sb off** တစ်စုံတစ်ယောက်ကို အထက်ပါအတိုင်း မတရားပြုမူ သည်။ *They really ripped us off at that hotel.* ထိုဟိုတယ်က ငါတို့ကို တကယ်ပဲ 'အမဲဖျက်'ခဲ့တယ်။

**rip off sb** တစ်စုံတစ်ယောက်အပေါ်မတရား "တစ်နပ်စား" ကြသည်။ *The bars by the sea make huge profits by ripping off tourists.* ပင်လယ်ကမ်းစပ်က အရက်ဆိုင်တို့သည် အပျော်ခရီးသည်များအပေါ် မတရားဈေးကြီးတင်ကာ "အရေခွံ" ယူခြင်းဖြင့် ရောမအမြတ်အစွန်းများကို ရရှိကြ၏။

**a rip-off** [*n* singular ] SPOKEN INFORMAL if something is a **rip-off**, it is much too expensive and you think that someone is trying to cheat you : တစ်စုံတစ်ခုသည် ~ဖြစ်လျှင် ထိုဟာသည် အလွန်တရာဈေးကြီးလွန်း အားကြီးသည့်အပြင် တစ်ယောက်ယောက်က သင့်ကို လိမ်ညာရန်


mgyoe.com

mgyoe.com
ကြီးစားနေပြီဟု သင် ထင်မြင်လာသည်။ *"It cost £ 200 to get it fixed."* ထိုဟာကိုတပ်ဆင်ရတာ ပေါင် ၂၀၀ တောင် ကျခဲ့တယ်ကွ။ *"What a rip-off!"* အားပါး – လွန်လွန်းလှပါဘိ။

**a complete/ total rip-off** မတရားအမြတ်ကြီးစားခြင်း။ *The meal cost me $ 80 - it was a complete rip-off.* အစားအစာက ဒေါ်လာ ၈၀ ကျသတဲ့။ မရှက်မကြောက် အမြတ်ကြီးစား အကြံအဖန် လုပ်တာပဲ။

**3** to cheat in an examination or game

စာမေးပွဲ သို့မဟုတ် အားကစားပွဲမှာ ခိုးချ၊ အကြံအဖန်လုပ်၊ ကလိမ်ကျရန်

**cheat** [*v* T] to use dishonest methods in order to pass an examination or win a game : စာမေးပွဲအောင်၊ အားကစားပွဲတစ်ခုမှာ နိုင်စိမ့်သောငှာ မရိုးသားသော နည်းလမ်းများကို ကျင့်သုံးရန်။ *Anyone caught cheating will automatically fail the examination.* ခိုးချနေစဉ် တွေ့ရှိဖမ်းမိသော မည်သူမဆို အလိုအလျောက် စာမေးပွဲကျရှုံးမည်ဖြစ်သည်။

**+ at +** မှာ *Jenny always cheats at cards.* ဂျင်နီသည် ဖဲဝိုင်းမှာ အမြဲလိမ်သည်။

**cheating** [*n* U] when someone cheats in an examination or game : တစ်ဦးတစ်ယောက်က စာမေးပွဲ သို့မဟုတ် အားကစားပွဲမှာ ခိုးချ ကလိမ်ကျသောအခါ။ *Cheating is becoming fairly common in professional football.* လိမ်ညာညစ်ပတ်ခြင်းသည် ကြေးတမ်းစားဘောပွဲမှာ အတော်အတန်ကို အစဉ်အလာတစ်ရပ် ဖြစ်နေသည်။

**4** when people are dishonest in order to get money

လူများသည် ငွေကြေးရနိုင်စိမ့်သောငှာ မရိုးမသားဖြစ်လာသောအခါ

**fraud** [*n* U] the crime of getting money dishonestly


mgyoe.com

mgyee.com
from a big organization, for example by giving false information or changing documents, especially over a long period : လုပ်ငန်းအဖွဲ့အစည်းကြီးတစ်ခုကို လီဆယ်လုပ်ကြံဖန်တီးထားသော သတင်းပေးခြင်း သို့မဟုတ် အတုအယောင် စာရွက်စာတမ်းများကို အစားထိုး တင်ပြခြင်းအားဖြင့် မရိုးမသား ငွေကြေးရယူပြစ်မှု ကျူးလွန်ခြင်း။ အထူးသဖြင့် အချိန်ကာလရှည်ကြာစွာ အကြီးအကျယ် ကျူးလွန်ခြင်းမျိုးမှာ သုံးသည်။
*Big losses due to theft the fraud forced the company to lose.* ခိုးဝှက်ခြင်း၊ လီဆယ်ကလိမ်ကျခြင်းတို့ကြောင့် အကြီးအကျယ် ဆုံးရှုံးမှုများက ကုမ္ပဏီကို မဖြစ်မနေ နစ်နာစေခဲ့၏။ *Credit card fraud is very common.* အကြွေးဝယ်ကတ်အတုလုပ် ကလိမ်ကျမှုသည် အလွန်ခေတ်စားနေချေသည်။

**scam** [*n* C] SPOKEN INFORMAL a clever plan for dishonestly getting money or advantages for yourself : သင့်ကိုယ်ကျိုးအတွက် ငွေကြေး သို့မဟုတ် အကျိုးအမြတ်များ ကလိမ်ကကျစ်နည်းဖြင့် ရရှိဖို့အတွက် ဥာဏ်ဆင်ထားသော အကြံအစည်တစ်ခု။ *They set fire to the house in order to get the insurance money - it was all a big scam.* အာမခံထားရှိသော ငွေကြေးကို ရရှိစိမ့်သောငှာ အိမ်ကိုသူတို့မီးရှို့ခဲ့ကြ၏။ ယင်းသည် အကြီးအကျယ် စီးပွားရေးကလိမ်ကျသောင်းကျန်းမှုတစ်ရပ်ဖြစ်ခဲ့သည်။

**a tax scam** ( = to avoid paying tax ) အမြတ်ခွန်မပေးရအောင် ရှောင်ရှားခြင်း။

## 5 someone who cheats
လိမ်ညာသောသူ တစ်စုံတစ်ယောက်

**cheat** [*n* C] someone who behaves dishonestly, especially in an examination or game : အထူးသဖြင့် စာမေးပွဲ သို့မဟုတ် ကစားပွဲ၌ မရိုးမသားမမှန်မကန် ပြုမူသော


mgyee.com